အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

# သူတော်ကောင်းလက္ခဏာ

## ဩဝါဒတရားတော်

နှင့်

## နံနက်ခင်း ဩဝါဒတရားတော်များ

(ဒုတိယအကြိမ်ရိုက်)



တောင်မြို့-မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ-၏
ကျမ်းစာများ ဈေးမှန်ဖြင့် ဖြန့်ချီရာဌာန
၁၀၇-စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ခရစ်-၁၉၈၁

၁၅၅၃၈
၂၉၄၀၃
၀၄၈

အမရပူရ

မဟာဂန္ဓာရုံဆရာတော်

## အရှင်ဇနကာဘိဝံသ၏

# သူတော်ကောင်းလက္ခဏာ

## ဩဝါဒတရားတော်

နှင့်

## နံနက်ခင်း ဩဝါဒတရားတော်များ

(ဒုတိယအကြိမ်ရိုက်)

တောင်မြို့-မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ-၏
ကျမ်းစာများ ဈေးမှန်ဖြင့် ဖြန့်ချီရာဌာန
၁၀၇-စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၂၅ ကောဇာ-၁၃၄၃ ခရစ်-၁၉၈၁

သူတော်ကောင်း (က)

ဘာသာရေးဆိုင်ရာ စာမူ ပုံနှိပ်ထုတ်ဝေခွင့် အမှတ် (၅၃၈)

ဒုတိယအကြိမ်

အုပ်ရေ-၁၀၀၀၀

၁၉၈၁ ခု

ဒီဇင်ဘာလ

ပန်းချီ- စံတိုး

ဘလောက် - သီတာဝင်း

အဖုံး - အောင်သာ

စာအုပ်ချုပ် - အေးမိသားစု

ဓမ္မဒါန

ဦးအောင်သိန်းကင်းလွတ်ခွင့် (၁၉၇)၄၆ —တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ဦးတင်မောင်(၀၂၅၆-မြ)စာပေပေါင်းကူး ပုံနှိပ်တိုက်၊ အမှတ် ၉၀၊ အောဘီ၊ ဝေဇယန္တာလမ်း ၈-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့၊ ရန်ကုန်က ပုံနှိပ်သည်။

(ဒုတိယအကြိမ်)



# ဩဝါဒတရားတော်

အမရပူရ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ နံနက်တိုင်းမဟာဂန္ဓာရုံကျောင်းတိုက်အတွင်းဆွမ်းစားကျောင်းကြီး အပေါ်ထပ်တွင် အရုဏ်ဆွမ်း ဘုဉ်းပေးပြီးတော်မူတိုင်း သံဃာတော်များနှင့် လူဒါယကာ ဒါယိကာမများအား မိုးမလင်းမီအချိန်ကစ၍ ဩဝါဒတရားနေ့စဉ်ပေးတော်မူမြဲ ဖြစ်ပါသည်။

ယခု စာအုပ်ငယ်တွင် ဆရာတော်သည် မိမိကို ကြည်ညိုလေးစားကြသူ ရဟန်းရှင်လူများအား သူတော်ကောင်းလက္ခဏာနှင့် ပြည့်စုံအောင် ကျင့်သုံးကြရန် ဩဝါဒပေးတော်မူသော တရားတော်နှင့် ကျောင်းတိုက် အတွင်းနှိုးကြား ထကြွရှိကြရန် ဩဝါဒပေးတော်မူသော တရား၂-ပုဒ်ကို ပူးတွဲရိုက်နှိပ်ထားပါသည်။

သူတော်ကောင်း လက္ခဏာ တရားတော်မှာ စာအုပ်အဖြစ်မရောက်ဘူးသေးပါ။ နံနက်ခင်းဩဝါဒ ခေါင်းစဉ်နှင့် တရားတော်မှာ ဓမ္မဗျူဟာ မဂ္ဂဇင်းတွင် ဦးမဟောသဓ ပြန်လည်ရေးသား ထားသော တရားတော်ကို ထပ်မံဖော်ပြခြင်း ဖြစ်ပါသည်။

(ဒုတိယအကြိမ်)

# မာတိကာ


အတုမဲ့ပုဂ္ဂိုလ်တို့၏ ဩဝါဒတရားတော် [င]
ဩဝါဒပါတိမောက် ဂါထာပါဌ်အနက် [စ]
၁။ ကိုယ့်ကိုယ်ကို စဉ်းစားရအောင် ၂
၂။ ဓာတ်ကိုယ်ကြီးက ဓာတ်ခံတွေပါလာ ၃
၃။ ဓာတ်ခံပါလာတာ မယုံဘူးလား ၄
၄။ တကန့်စီ တကန့်စီ စဉ်းစား ၅
၅။ ကမ္မသတ္တိအရ ဓာတ်ခံပါလျက်ရှိ ၆
၆။ ဓာတ်မကျအောင် ရိုးဖြောင့်ရမယ် ၉
၇။ ပထမ ဒုတိယ သူတော်ကောင်းဂုဏ်အင်္ဂါ ၁၁၊၁၂
၈။ အလောင်းတော်ဗြသေ့မင်း ၁၃
၉။ ဓာတ်ခံကောင်းမှ တန်ဖိုးရှိ ၁၆
၁၀။ တတိယ စတုတ္ထ ပဥ္စမ သူတော်ကောင်းဂုဏ်အင်္ဂါ ၁၈၊၁၉၊၂၀
၁၁။ ဆင်းရဲသူကို ငဲ့ညှာယင် ၂၂
၁၂။ လူလူဆိုတိုင်းမကောင်း ၂၅
၁၃။ ထမင်းဦးလေး ခူးလောင်းရုံနှင့် မမွဲ ၂၆
၁၄။ ကြီးပွားရေးအတွက်ဘုရားတော်ကဖြေရှင်း ပေးနိုင်တယ် ၂၇
၁၅။ အရှင်အာနန္ဒာ စဉ်းစားချက် ၂၉
၁၆။ ပြောင်းပြန် ပြန်ကြည့်ဦးဘုန်းကြီးအလေ့အထ ၃၀၊၃၂
၁၇။ ကျေးဇူးသိသော ဆရာတော်ကြီးတွေ ၃၃
၁၈။ သူတော်ကောင်းစစ်ဖြစ်အောင် ကြိုးစား ၃၅
၁၉။ ဘုန်းကြီးငယ်ငယ်က စဉ်းစားခဲ့ပုံ ၃၇
၂၀။ လက်လှမ်းမှီလျက်သားနဲ့ မလိုက်မရှိရ ၃၈
၂၁။ နိဂုံးချုပ် တိုက်တွန်းချက် ၃၉
၂၂။ နံနက်ခင်း ဩဝါဒများ ၄၃
၂၃။ ထောက်နှုတ်ချက်များ ၅၁
၂၄။ ယနေ့ ဝယ်ယူရရှိနိုင်သော ကျမ်းစာများ ၇၅


(ဒုတိယအကြိမ်)

# အတုမဲ့ပုဂ္ဂိုလ်
## တို့၏
# ဩဝါဒတရားတော်

ယခု ပူဇော်သော တရားတော်သည် ၁၃၄၂-ခုနှစ် တပို့တွဲလပြည့်နေ့က စ၍ ရေတွက်ခဲ့လျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၅၆၉-ခုနှစ်က လူ့လောကတွင် သတ္တဝါမှန်သမျှတို့၏အကျိုးစီးပွားချမ်းသာအလို့ငှာ ပွင့်ထွန်းပေါ်ပေါက်တော်မူလာသော ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ ဩဝါဒပေးတော်မူသော ဂါထာဝါလု သဲစုမက ပွင့်တော်မူပြီးကြသော ဗုဒ္ဓရှင်တော်မြတ်အဆူဆူတို့၏ အစဉ်အမြဲသာလျှင် တူသော ဩဝါဒရှိတော်မူသော ဩဝါဒပါတိမောက် ၃-ဂါထာ ဖြစ်ပါသည်။

ထိုဩဝါဒတော်သည် ဘုရားရှင် အဆူဆူတို့၏ သတ္တဝါတို့စီးပွားချမ်းသာအကျိုးငှာ ပေးမြဲဩဝါဒ ဖြစ်တော်မူသည်နှင့်အညီ ဗုဒ္ဓ၏တပည့်သား ဖြစ်ကြသော အကျွန်ုပ်တို့သည် ဩဝါဒပါတိမောက် ပေးတော်မူခဲ့သော ယခု ၂၅၆၉-ခုနှစ်မြောက် တပို့တွဲလပြည့်နေ့တွင် အလေးအမြတ် ရွတ်ဆို၍ ယင်း ဗုဒ္ဓရှင်တော်မြတ်များနှင့် သာသနာတော်မြတ်ကြီးအား ပူဇော်ကြပြီးလျှင် ထိုအဆုံးအမ ကျင့်ဝတ်တရားတို့ကို မိမိတို့ အစွမ်းရှိသမျှ သူတပါးတို့၏ အကျိုး, မိမိ၏ အကျိုးစီးပွားချမ်းသာအလို့ငှာ ကြိုးစားကျင့်သုံး၍ ကျေးဇူးတော်အနန္တရှင် ဖြစ်တော်မူသော ဗုဒ္ဓရှင်တော်မြတ်အား ကျေးဇူးဆပ်ကြပါစို့။

ဤဂါထာ နိဿယအနက်များကို တောင်မြို့ မဟာဂန္ဓာရုံဆရာတော် ရေးသားချီးမြှင့်ထားတော်မူခဲ့ပါသည်။

(ဒုတိယအကြိမ်)

## ဩဝါဒပါတိမောက် ဂါထာပါဠိအနက်

(၁) ခန္တီ ပရမံ တပေါ တီတိက္ခာ၊
နိဗ္ဗာနံ ပရမံ ဝဒန္တိ ဗုဒ္ဓါ။
န ဟိ ပဗ္ဗဇိတော ပရူပဃာတီ၊
န သမဏော ဟောတိ၊ ပရံ ဝိဟေဌယန္တော။

တီတိက္ခာ၊မိမိကသာ အရာရာဝယ် အသာမစံ အနာခံခြင်းဟူသော။ခန္တီ၊တောင်တောင်ကျဲကျဲမကြံစည်ပဲ ခန္တီတရား ကိုယ်မှာထားခြင်းသည်။ ပရမံ တပေါ၊ အကျင့်တရား များအပြားထက် ထူးခြားလွန်တင့် အသာဆုံးအကျင့်ဖြစ်ပါပေသတည်း။ ဗုဒ္ဓါ၊ဂင်္ဂါသဲ့တူ ပွင့်တော်မူသည့် ဆူဆူထွတ်ထား မြတ်ဘုရားတို့သည်။ နိဗ္ဗာနံ၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာမှန် အေးနိဗ္ဗာန်ကို။ ပရမံ၊မဂ်ဖိုလ်ရှစ်တန် ဓမ္မကျွန်ထက် ကဲလျှံလွှမ်းဖုံး အမြတ်ဆုံးတရားဟူ၍။ဝဒန္တိ၊ရတနသုတ်လာမြတ်သစ္စာဝယ်*သေချာထုတ်ဖော် ဟောပြတော်မူကြကုန်၏။ ပရူပဃာတီ၊ ရှင်လူ အများကိုယ်နှုတ်အားဖြင့် ထိပါးပုတ်ခတ် ညှဉ်းဆဲတတ်သော ပုဂ္ဂိုလ်သည်။ န ဟိ ပဗ္ဗဇိတော၊ ဒေါသကိုဖြုတ် မနှင်ထုတ်သဖြင့် အဟုတ်အစစ် ပဗ္ဗဇိတမဖြစ်နိုင်ချေ[၁]၊ ပရံ၊ ကိုယ်မှတပါး ရှင်လူများတွင် သနားဖွယ်ရာ အဖြာဖြာကို။ ဝိဟေဌယန္တော၊

---

* ရတနသုတ် (ခယံ ဝိရာဂံ) စသောဂါထာဝယ် နိဗ္ဗာန်တရားကို အမြတ်ဆုံးဟူ၍ ဟောထားအပ်သည်။

၁။ ကိလေသာကို နှင်ထုတ်နိုင်သူကိုသာ (ပဗ္ဗဇိတ) အစစ် ခေါ်သည်။

ကရုဏာကင်းမေတ္တာရှင်း၍ နှိမ်နင်းပုတ်ခတ်ညှဥ်းဆဲတတ်သော ပုဂ္ဂိုလ်သည်။ သမဏော၊ ကိလေသာငြိမ်းအေး အပူဝေးမှ ခေါ်ဆိုရသည့် သမဏအစစ်သည်[၁]။ န ဟောတိ၊ သမဏအမှန် သူဝန်ခံလည်း ဧကန်စင်စစ် မဖြစ်နိုင်တော့ချေ။

(၂) သဗ္ဗပါပဿ အကရဏံ၊ ကုသလဿ ဥပသမ္ပဒါ။
သစိတ္တပရိယောဒပနံ၊ ဧတံ ဗုဒ္ဓါန သာသနံ။

သဗ္ဗပါပဿ၊ ယုတ်မာသောသွမ်း ဟော့ရမ်းသမှု အကုသိုလ် အစုစုကို။ အကရဏံ၊ လုံးဝ ပြောင်စင်အောင် ရှောင်ကြဉ် သမှု မပြုလုပ်ခြင်းလည်းကောင်း၊ ကုသလဿ၊ ကာမ မဟဂ္ဂုတ် လောကုတ်အထိ ရှိရှိသမျှ ကုသလကို။ ဥပသမ္ပဒါ၊ တဆင့်တဆင့် ရင့်ထက်ရင့်၍မလင့်ပုံသေပြည့်စုံစေခြင်းလည်းကောင်း။ သစိတ္တ-ပရိယောဒပနံ၊ မိမိစိတ်ရင်း ပွတ်သစ်ဝင်းသည့် ခရုသင်းအနေ ဖြူစင်စေခြင်းလည်းကောင်း။ ဧတံ၊ အကုသိုလ်ကင်း ကုသိုလ် သွင်း၍ စိတ်ရင်းစင်ရိုး ဤ ၃-မျိုးသည်။ ဗုဒ္ဓါနံ၊ ဂင်္ဂါသဲတူ ပွင့်တော်မူသည့် ဆူဆူထွတ်ထား မြတ်ဘုရားတို့၏။ သာသနံ၊ လိုရင်းနှုန်းပြ ထုံးအရဖြင့် သုံးကြပစေ ဆုံးမတော် မူချက်ပါ ပေတည်း။

(၃) အနူပဝါဒေါ အနူပဃာတော၊
ပါတိမောက္ခေ စ သံဝရော။
မတ္တညုတာ စ ဘတ္တသ္မိံ၊ ပန္တဉ္စ သယနာသနံ၊
အဓိစိတ္တေ စ အာယောဂေါ၊ ဧတံ ဗုဒ္ဓါန သာသနံ။

---

၁။ ကိလေသာအပူအေးငြိမ်းသူကိုသာ သမဏအစစ်ခေါ်သည်။

အနူပဝါဒေါ၊ သူတပါး၌ ဖြစ်ပွားတတ်လင့် ပြုအကျင့်ကို နှုတ်ဖြင့်မဲ့ရွဲ့ မကဲ့ရဲ့ခြင်းသည်လည်းကောင်း။ အနူပဃာတော၊ ရှင်လူအများ ကိုယ်စိတ်အားဖြင့် ထိပါးသတ်ညှဉ်း မဖျက်ဆီးခြင်းသည်လည်းကောင်း။ ပါတိမောက္ခေ၊ ဝိနည်းပိဋကတ် အရပ်ရပ်ဝယ် ပညတ်ထုတ်ဖော် ပါတိမောက် သီလတော်၌။ သံဝရော စ၊ သဒ္ဒါတရား သတိထား၍ ကြီးမားလွန်မင်း စောင့်စည်းခြင်းသည်လည်းကောင်း။ ဘတ္တသ္မိံ၊ မစားကြလျှင် သက်မရှင်၍ နေ့စဉ်စားရ ဆွမ်းပစ္စည်းဟူသော အာဟာရ၌။ မတ္တညုတာ စ၊ ခံယူသောခါ စားသုံးရာဝယ် ကိုယ်မှာ လိုသမျှ အတိုင်းအရှည်ပမာဏကို သိသူ၏ အဖြစ်သည်လည်းကောင်း။ ပန္တဉ္စသယနာသနံ၊ ရှင်းလူသီးသီး အရောက်နည်းသည့် တိုက်ကြီးစွန်ဖျား တောကျောင်းများဝယ် တပါးတည်းပျော်မွေ့လျော်ခြင်းသည် လည်းကောင်း။ အဓိစိတ္တေ၊ ဝိပဿနာ အခြေခံ သမာပတ်ဈာန်နှင့် ရှစ်တန်ဖိုလ်မဂ် အလွန်ထက်သော စိတ်ကောင်းစိတ်မြတ်၌။ အာယောဂေါ စ၊ ယနေ့နက်ဖန် ရမည်ဟန်ဖြင့် မှန်မှန်ကြိုးကုတ် အားထုတ်ခြင်းသည်လည်းကောင်း။ ဧတံ၊ အနူပဝါဒ စသည်အပြား ၃၅-ပါးသည်။ ဗုဒ္ဓါနံ၊ ဂုဏ်ဂါ သဲတူ ပွင့်တော်မူသည့် ဆူဆူထွတ်ထား မြတ်ဘုရားတို့၏။ သာသနံ၊ လိုရင်းနှုန်းပြ ထုံးအရဖြင့် သုံးကြပစေ အဆုံးအမ တော်ပါပေတည်း။

(ဒုတိယအကြိမ်)

အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ

ဟောကြားတော်မူသော

# သူတော်ကောင်းလက္ခဏာ

## တရားတော်

ဘုန်းကြီး ဟောဖို့ စိတ်ကူးထားတာ သူတော်ကောင်းဆိုတဲ့ လက္ခဏာဟာ ဘယ်လိုလဲလို့ သူတော်ကောင်းရဲ့ အကြောင်းကို ဟောပေးမယ်။

ယော ဝေ ကတညူ ကတဝေဒိ ဓီရော၊
ကလျာဏမိတ္တော ဒဠှဘတ္တိ ဟောတိ။
ဒုက္ခိတဿ သက္ကစ္စ ကရောတိ ကိစ္စံ၊
တထာဝိဓံ သပ္ပုရိသံ ဝဒန္တိ[၁]။

ယော ဓီရော၊ နဂိုမူလ ဓာတ်ခံရသဖြင့် ဘဝနောက်နှောင်း ကောင်းထက်ကောင်းဖို့ လမ်းကြောင်းတီထွင် အကြင်ပညာရှင်သည်။ ဝေ၊ စင်စစ်ကေန်အမှန်စိတ်ထားရိုးဖြောင့်သောအားဖြင့်။

---

၁။ ခု၊ ၆၊ ၁၀။

ကတညူ၊ သူတပါးတို့ ပြုထားအပ်ဘူး မြတ်ကျေးဇူးကို အထူးရှိ သဗ္ဗေ သိလေ့ရှိသည်လည်းကောင်း။ ကတဝေဒီ၊ သူများပြုအပ် ကျေးဇူးရပ်ကို တတ်သရွေ့ မှတ်သရွေ့ ဆပ်လေ့ရှိသည်လည်း ကောင်း။ ဟုတ္ထ၊ ဖြစ်၍။ ကလျာဏမိတ္တော၊ မိကောင်း ဖကောင်း ဆရာကောင်းနှင့် ဖော်ပေါင်းအတိ မိတ်ကောင်း ရှိသည်။ ဒဠှဘတ္တိ၊ ထိုမိတ်ကောင်းလဲ အသဲစွဲမျှ အမြဲမပြတ် ဆည်းကပ်လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဒုက္ခိတဿ၊ မိမိ မျက်မှောက် ဒုက္ခရောက်သဖြင့် ပံ့ထောက်မဲ့ဟူ ဆင်းရဲသူ၏။ ကိစ္စံ၊ စားသောက်နေရေး ဆေးဝါးပေးလျက် လုပ်ကျွေးသမှု ကိစ္စစုကို။ သက္ကစ္စကရောတိ၊ ကိုယ်ချင်းစာနာ သနားညှာလျက် များစွာပံ့သေ ပြုစုတတ်ပေ၏။ တထာဝိဓံ၊ သို့ကလိုဂုဏ်အင် စုံလင်ပေသည့်ပညာရှိအပေါင်းသူတော်ကောင်းကို။ သပ္ပုရိသံ၊ မြင့်ထက်မြင့်သည့် အကျင့်အလွန်ကောင်း သူတော်ကောင်း ဟူ၍။ ဝဒန္တိ၊ ဘုရားစသား ပုဂ္ဂိုလ်များက လေးစားကြည်ဖြူ ချီးမွမ်းတော်မူကြလေသတည်း။

**ကိုယ့်ကိုယ်ကို စဉ်းစားရအောင်** တထာဝိဓံ၊ သို့ကလိုဂုဏ်အင် စုံလင်ပေသည့် ပညာရှိ အပေါင်း သူတော်ကောင်းကို။ သပ္ပုရိသံ၊ ဘဝနောက်နှောင်း ကောင်း ထက်ကောင်းမည့် လမ်းကြောင်းတီထွင် သူတော်စင်ဟူ၍။ ဝဒန္တိ၊ ဘုရားစသား ပုဂ္ဂိုလ်များက လေးစားကြည်ဖြူ ချီးမွမ်းတော်မူကြကုန်၏–တဲ့။

သပ္ပုရိသဆိုတာ ဘယ်လိုပုဂ္ဂိုလ်တုံးဆိုတော့–

(ဒုတိယအကြိမ်)

ယော မိရော၊ ဘဝနောက်နှောင်း ကောင်းထက်ကောင်း
ဖို့ လမ်းကြောင်းတီထွင် အကြင်ပညာရှင်သည်—

အားလုံးစိတ်တွေမှာလေ ကိုယ့်ကိုယ်ကို ပြန်သွင်းထားလိုက်၊ ဘုန်းကြီးက ဘုန်းကြီးကိုယ်ကို ပြန်ပီးတော့ စိတ်ထားမယ်။ ယခု အလှူရှင်ဖြစ်တဲ့ ဆရာဝန်တို့—ဆရာဝန် ကတော်တို့က သပ္ပုရိသဂုဏ်အင်္ဂါနဲ့ ပြည့်စုံသလား၊ မပြည့်စုံဘူးလား။ ပြည့်စုံယင် ဘယ်လောက် ပြည့်စုံတယ်ဆိုတာကို စဉ်းစားရအောင် ကိုယ့်ကိုယ်ကို စိတ်က အာရုံပြုထားလိုက်။ ကိုယ်ရဲ့ ဘဝတသက်တာ လာခဲ့တဲ့ အကြောင်းအရာတွေ ပြန်ပြီးတော့ စဉ်းစားယင် အင်း - ဒီဂုဏ်နဲ့ ဒီအင်္ဂါနဲ့တော့ ငါပြည့်စုံတယ်၊ ပြည့်စုံတာမှ ဘယ်လောက် ပြည့်စုံတယ်၊ သို့မဟုတ် ဒီအင်္ဂါတော့ ငါ ဘယ်လောက် လိုနေသေးတယ်၊ အဲဒါ စဉ်းစားရအောင်လေ။

**ဓာတ်ကိုယ်ကြီးက** ယော မိရော၊ နဂိုမူလဓာတ်ခံရသဖြင့် ဘဝ
**ဓာတ်ခံတွေပါလာ** နောက်နှောင်း ကောင်းထက် ကောင်းဖို့
လမ်းကြောင်း တီထွင် အကြင် သူတော်စင်
သည်။ နဂိုမူလ ဓာတ်ခံရသဖြင့်-လို့ ဒါလေး စဉ်းစားရမယ်။ ဘုန်းကြီးတို့တတွေဟာ ဓာတ်တွေ စုပေါင်းနေတဲ့ ခန္ဓာကိုယ်၊ ဥပမာ စက္ခုဓာတ်ရှိတယ်။ နားထဲမှာ သောတဓာတ်—သောတပသာဒရှိတယ်။ နှာခေါင်းထဲမှာ ဃာနဓာတ် - ဃာနပသာဒရှိတယ်။ အဲဒီလို စသည်ဖြင့် ဟဒယထဲမှာ မနောဝိညာဏဓာတ်

စိတ်ဝိညာဉ်တွေရှိတယ်။ ဒီပြင် စိတ်ဝိညာဉ်မှတပါး စေတသိက်တွေဆိုတဲ့တရားတွေ၊ တချို့သော ရုပ်တွေက မမွေးဘူး။ အားလုံး ခန္ဓာကိုယ်ဟာ ဓာတ်ကောင်ကြီး။

"ယော မိရော၊ နုဂိုမူလ ဓာတ်ခံရသဖြင့်" လို့ ဆိုတော့ အဲဒီ မမွေးဓာတ်ထဲက ဘုန်းကြီးတို့ ဓာတ်ခံတွေ ဘဝသံသရာမှာ ဓာတ်ကောင်ကြီးအဖြစ်နဲ့လာခဲ့ရာက အဲဒီဓာတ်ခံ ပါလာတယ်။ မကောင်းတဲ့သူက မကောင်းတဲ့ဓာတ်ခံပါလာ၊ ကောင်းတဲ့သူက ကောင်းတဲ့ဓာတ်ခံပါလာတယ်။ ဒါလေးကို ဘုန်းကြီးတို့ မယုံကြည်နိုင်ကြတဲ့သူများအတွက် ထပ်ပြီးတော့ စဉ်းစားကြအုံးစို့ရဲ့။

**ဓာတ်ခံပါလာတာ မယုံဘူးလား**

ကလေးတယောက် ဖွားမြင်လာတယ်ဆိုတော့ ဒီမိ–ဒီဖ အတူတူပဲ။ သွေးသားတွေဖြစ်ပြီးတော့ ပေါက်ဖွားလာတဲ့ သားသမီး၊ စိတ်ချင်းတူရဲ့လား၊ မတူပါဘူး။ ကောင်းပြီ အရည်အချင်း၊ ဉာဏ်ချင်း တူရဲ့လား၊ မတူဘူး။ ကောင်းပြီ လို့လဝီရိယချင်း တူရဲ့လား၊ မတူဘူး။ ထားစမ်း-ဒီတမိ တဖထဲဆိုပေမဲ့ အချိန်ချင်းက အကြီးနဲ့ အငယ်နဲ့ အသက်နဲ့ဆိုတာတွေကွဲလို့မတူတာထင်ပါရဲ့လို့ဆိုတော့ အမြွာမွေး ယောကျာ်းလေးနှစ်ယောက်၊ မိန်းကလေးနှစ်ယောက် အမြွာမွေးတယ်၊ တူဖို့ကောင်းတယ်။ မိသွေး ဖသွေး တသွေးထဲ၊ တကတဲ ရှေ့ဆင့်နောက်ဆင့် မွေးလာတယ်၊ တူဖို့ကောင်း။ ရုပ်ချင်းကတော့ သွေးသားအကြောင်းတွေက အထောက်အပံ့ရတော့ ရုပ်ချင်း

ကတော့ အတော်တူတယ်။ တခါတခါ ခွဲမရအောင်တူတယ်။ စိတ်ချင်း ဘယ့်နှယ်နေတုံး၊ မတူလိုက်တာ။ ဉာဏ်ချင်း ဘယ့်နှယ်နေတုံး၊ မတူလိုက်တာ။ လုံ့လဝီရိယချင်း ဘယ့်နှယ်နေတုံး၊ မတူလိုက်တာ။ နောက်တော့ အကျိုးပေးချင်းကော အို–မတူလိုက်တာ။ နောက်ဆုံး ရောဂါဘယချင်းကော အို–မတူလိုက်တာ။ သေတော့ကော မတူလိုက်တာ။ ဩော်–တယောက်နဲ့တယောက် မတူတာထောက်လို့ရှိယင် ဓာတ်ခံချင်းကွဲလာပြီ။

**တကန့်စီတကန့်စီ စဉ်းစား** ယောမိရော၊ နဂိုမူလဓာတ်ခံရသဖြင့် ဘဝနောက်နှောင်း ကောင်းထက် ကောင်းဖို့ လမ်းကြောင်းတီထွင်အကြင်ပညာရှင်သည်။

စဉ်းစားရမယ်၊ ဘုန်းကြီးကမစဉ်းစားပဲနဲ့ နမော်နမဲ့ ကြီးလာတဲ့သူတွေကို တယ်မကျေနပ်ဘူး။စဉ်းစဉ်းစားစားနဲ့ဆိုတဲ့စကားကို ပြောရအုံးမယ်။ ဒီဘုန်းကြီးတို့ဟာ တကန့်စီ တကန့်စီ စဉ်းစားတာဟာ အင်မတန်ကောင်းတယ်။ ဟိုဘက်ဘဝက တကန့်၊ ယခုဘဝက တကန့်၊ နောင်လာမဲ့ဘဝက တကန့်။ အဲဒီတော့ တကန့်တကန့်မှာလေ အင်မတန်ကောင်းအောင် ကြိုးစားလိုက်လို့ရှိယင်ဖြင့် အို–တခါထဲ တက်ပြီးတော့ ဘဝပေါင်းများစွာသွားပြန်ရော။ ဒီတော့ ဘုန်းကြီးက ဒီဘဝကို တကန့်လို့ ဒီလိုယူထားတယ်။ တကန့်။ ဟို လွန်ခဲ့တဲ့ ဘဝပေါင်းများစွာက တကန့်။ အဲဒီဓာတ်ခံတွေက ယခု ဒီပါလာတယ်။ ငါ့မှာပါလာတယ်။ ယခု အလျှူဒကာမှာ ရဟန်းအမမှာ ပါလာတယ်။

(ဒုတိယအကြိမ်)

ဟိုဘက်ဘဝက ခေတ်တွေဟာ ဒီအကန့်ထဲပါလာ၊ ဒီဘဝ ဒီအကန့်ထဲပါလာ။ ဒါလေးကို မြတ်စွာဘုရားက ဘယ်လိုမျ‌ား အမိန့်ရှိတုံး။

ကုသလာ ကုသလံ၊ကုသိုလ် အကုသိုလ်ဖြစ်တဲ့။ ကမ္မံ၊ကမ္မ စေတနာသည်။ ဝိပါကာနံ၊အကျိုးဝိပါက်တို့အား။ ကမ္မပစ္စယေန၊ ကမ္မပစ္စယ သတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏ တဲ့။

**ကမ္မသတ္တိအရ ခေတ်ခံပါလျက်ရှိ** ဟိုဘဝက ကုသိုလ်ပြုပြု အကုသိုလ်ပြုပြု အဲဒီ ကုသိုလ် အကုသိုလ်ကံ ခေတ်ခံအဖြစ်နဲ့ ခန္ဓာကိုယ်မှာ သတ္တိ ကျန်ရစ်တယ်။ ဘာသတ္တိလဲ၊ ကမ္မပစ္စည်းသတ္တိ ကျန်ရစ်တယ်။ အဲဒီကမ္မပစ္စည်းသတ္တိက သင့်တော်တဲ့အချိန်ကျယင် အကျိုးပေးပါရော။ ဒါကြောင့် အဲဒီ ခေတ်ခံကလေးဟာ ပြန်ပြီးတော့ စဉ်းစားရမယ်။ ကိုယ့်ကိုယ်ကို ဒီအကန့်ကနေပြီးတော့ လွန်ခဲ့တဲ့ ဘဝသံသရာကို မှန်းကြည့်လို့ရှိယင် ငါ ဘယ်လိုခေတ်ခံပါလာသလဲ။ ငါ ဒီဘဝအကျိုးပေးတဲ့မျိုးရိုး ဘယ်လိုခေတ်ခံကြောင့် ဘယ်လိုအမျိုးအရိုးက ပေးတယ်၊ ငါ ဒီဘဝမှာ ရုပ်အဆင်းက ဘယ်လို ကုသိုလ်ခေတ်ခံကြောင့် ဘယ်လို ရုပ်အဆင်းမျိုး လာပေးတယ်။ ငါ ဒီဘဝမှာ စည်းစိမ်ဥစ္စာက ဘယ်လိုခေတ်ခံကြောင့် စည်းစိမ်ဥစ္စာ လာပေးတယ်၊ ဒါလေးတွေလေ ဒီကံနဲ့ ကံရဲ့အကျိုးပေးပုံတွေကြည့်ယင်ငါဘယ်လိုခေတ်ခံပါလာတယ်၊ ငါ့စိတ်နေစိတ်ထားဟာလေ ဘယ်လိုသဘောရှိတယ်၊ ကောင်း

တယ်၊ မကောင်းဘူး၊ ကိုယ့်ဟာကိုယ် အသိဆုံး။ အဲဒီသိတဲ့ ဥစ္စာ ကောင်းလဲ ရှေးဘဝက ဓာတ်ခံပဲ၊ မကောင်းလဲ ရှေးဘဝက ဓာတ်ခံပဲ၊ အဲဒီဓာတ်ခံဟာ ဒီအကန့် ရောက်လာတယ်။ ဒီအကန့်ရောက်လာတော့ ဒီအကန့်က နောင်လာမဲ့ ဘဝသံသရာ လှမ်းမျှော်လိုက်တဲ့ အခါကျတော့ ဟာ—ဒီဘဝဓာတ်တွေဟာ နောင်လာမဲ့ ဘဝသံသရာတွေမှာ ဆက်အုံးမှာပါလား၊ နိဗ္ဗာန် မရမချင်း ဆက်အုံးမှာပါလား၊ ဟောဒီလို သဘောပေါက် တော့ အို—ဒီဘဝမှာလေ သိပ်ကောင်းအောင် ကြိုးစားချင်လာ တဲ့စိတ် ဖြစ်လာတယ်။ အလွန်ကောင်းတယ်၊ အလွန်ကောင်း တယ်၊ ဒါ မစဉ်းစားလို့မဖြစ်ဘူး။

ယော မိရော၊ နဂိုမူလဓာတ်ခံရသဖြင့်—

ဒါက ဓာတ်ကောင်းရလာလို့၊ အသိဉာဏ်တွေ ဘာတွေက ရှိလာလို့၊မိကောင်းဖကောင်းတွေကအဆုံးအမတွေပေးလာလို့၊ ဆရာသမားကောင်းတွေက ညွှန်ပြလို့၊ ဆုံးမလို့၊ ကိုယ်ကလဲ လိုက်နာလို့၊ နားထောင်လို့ အဲဒီဓာတ်ကောင်း ပါလာတာ၊ ဓာတ်ကောင်း ပါလာတာ၊ ဓာတ်ကောင်း ပါမလာတဲ့သူကို မိကောင်း ဖကောင်းက အဲဒီ ဓာတ်ကောင်းပါဖို့ ဆုံးမပေးမယ့် နားမထောင်ပေါင်။ ဆရာကောင်း သမားကောင်းက ဆုံးမ ပေးမယ့် နားမထောင်ပေါင်။ မိတ်ကောင်း ဆွေကောင်းက ပြောပေးမယ့် နားမထောင်ပေါင်။ ဒါ ဓာတ်ကောင်း ပါ မလာလို့ သိပ်ကြောက်စရာကောင်းတာ ဒီဓာတ်က—

ယော မိရော၊ နဂိုမူလ ဓာတ်ခံရသဖြင့်—

(ဒုတိယအကြိမ်)

ကိုင်း—ဘုန်းကြီးတို့ ခေတ်ကောင်း အထိုက်အလျောက်ရကြပြီပဲ။ ရလို့ ဒီအခြေအနေ ရောက်နေကြပြီ။ ဒါ လွန်ခဲ့တဲ့ ဘဝ အကန့်ကိုကြည့်ယင် အလွန်အားရစရာ ကောင်းတယ်။ အို—တို့ အဆင့်အတန်းမနိမ့်သောဘဝမှာ စိတ်နေစိတ်ထားမညံ့တဲ့ ပုဂ္ဂိုလ်တယောက်အဖြစ်နဲ့ တို့ရောက်နေတယ်။ ဒီအကန့်မှာ ရောက်နေတယ်၊ အတော် အားရစရာ ကောင်းပါလားလို့ ကိုယ့်ကိုယ်ကို အင်မတန် ကျေကျေနပ်နပ်ဖြစ်ပြီးတော့ လာမယ့် ဘဝကို မျှော်လိုက်ရတယ်။

ယော မီရော၊ နဂိုမူလခေတ်ခံရသဖြင့် ဘဝနှောက်နှောင်း ကောင်းထက်ကောင်းဖို့ လမ်းကြောင်းတီထွင် အကြင်ပညာရှင်သည်။ ငါ ဒီဘဝ ဒီအကန့်က ကြိုးစားလို့ရှိယင် သေသေချာချာ ဒီထက် မြင့်သွားမယ်။ ခံစားဖို့လား၊ မဟုတ်ဘူးလေ၊ ဒီထက် ဉာဏ်တွေ မြင့်သွားမယ်။ ခံစားဖို့လား၊ မဟုတ်ဘူးလေ၊ လုံ့လဝီရိယတွေ ထက်သန်လာမယ်။ ဘာလုပ်ဖို့လဲ မဂ်ဖိုလ် နိဗ္ဗာန် မျက်မှောက်ပြုဖို့၊ မဂ်ဖိုလ်နိဗ္ဗာန် မျက်မှောက်ပြုဖို့၊ နိဗ္ဗာနပစ္စယော၊ နိဗ္ဗာန်ရဲ့ အထောက်အပံ့ဖြစ်ဖို့။

ယော မီရော၊ နဂိုမူလ ခေတ်ခံရသဖြင့် ဘဝနှောက်နှောင်း ကောင်းထက်ကောင်းဖို့ လမ်းကြောင်းတီထွင် အကြင်ပညာ ရှင်သည်။ ဒါလေးရပ်ပြီးတော့ ဘုန်းကြီးတို့တတွေ အခု တရားနာလာတဲ့ ဒကာတို့တတွေ အားလုံး တပည့်ဒကာမတွေ စဉ်းစားရမယ်။

(ဒုတိယအကြိမ်)

**ခတ်မကျအောင် ရိုးဖြောင့်ရမယ်**

ဝေါ၊ စင်စစ် ကေန် အမှန်စိတ်ထား ရိုးဖြောင့်သောအားဖြင့်။ အို—မလွယ်လိုက်တာ။ ဝေါ၊ စင်စစ်ကေန် အမှန်စိတ်ထား ရိုးဖြောင့်သောအားဖြင့်။ ကတညူ၊ သူတပါးတို့ ပြုထားအပ်ဘူး မြတ်ကျေးဇူးကို အထူးရှိသရွေ့ သိလေ့ရှိသည်လည်းကောင်း။

အားလုံးလုပ်ရမဲ့ သူတော်ကောင်း လက္ခဏာတွေဟာ ရိုးရိုးသားသားစိတ်ဖြောင့်ဖြောင့်ပရိယာယ်မပါဘူး၊ ဟန်မဟုတ်ဘူး၊ သူများ အထင်ကြီးအောင်၊ ဂုဏ်ရှိအောင်၊ ချီးမွမ်းခံရအောင်၊ နာမည်ကျော်အောင် ဒီလိုမဟုတ်ဘူး။ ရိုးရိုးကလေး ကိုယ့်စိတ်ခတ်ကို ကိုယ်မြှင့်တင်နေတာ၊ ကိုယ့်ခတ်ကို ကိုယ်ကောင်းသထက်ကောင်းအောင် မြှင့်တင်နေတာ။ ဒီခတ်ဟာ ဘယ်ထိအောင် သွားရမှာတုံးလို့ဆိုတော့ မဂ်ခတ် ဖိုလ်ခတ်၊ အရိယာခတ်၊ ရဟန္တာခတ်ထိအောင် သွားရမှာ၊ ခတ်မြင့်သွားအောင်။

ဝေါ၊ စင်စစ်ကေန်အမှန်စိတ်ထားရိုးဖြောင့်သောအားဖြင့်။ နဲ့နဲ့ကလေး ကောက်ပေးလိုက်စမ်း။ အို–ခတ်တွေကို လွဲလို့၊ တကတဲ ခတ်မတိုးတဲ့ပြင် ခတ်မှားတွေဖြစ်ပြီး ခတ်ကျသွားမှာ၊ မရိုးလို့ရှိယင် ခတ်ကျသွားမှာ။ ဘာမရိုးသလဲ။ အလုပ်တခုလုပ်လို့ရှိယင် ဂုဏ်လိုချင်တယ်၊ အဲဒါမရိုးတာ။ ဂုဏ်လိုချင်တယ်ဆိုတဲ့ ဥစ္စာဟာ တရားကိုယ်က လောဘပါလာတယ်။ အဲဒီကတဲက ခတ်နဲ့နဲ့ညှို့သွားပီ၊ အဲဘုန်းကြီးက အခု တရားဟောနေတယ်။ တရားဟောတဲ့ဥစ္စာ၊ အို—အရှင်ဘုရား-ဘယ်လို

ညာလို စသည်ဖြင့် နာမည်လိုချင်တယ်ဆိုယင် လောဘပါလာ တယ်။ အဲဒီလောဘဟာ ခေါ်ကျသွားတယ်။အဲ —ပရိယာယ် မာယာနဲ့ သူများအထင်ကြီးအောင် ဟန်ပန်လေသံနဲ့ လုပ်နေ သရွေ့ ခေါ်တွေကျပြီးတော့ လောဘဖြစ်တယ်။ ဒါကြောင့်—

ဝေ၊ စင်စစ်ကောန်အမှန်စိတ်ထား ရိုးဖြောင့်သောအားဖြင့်။ နံနံများ ဂုဏ်လိုချင်တယ်ဆိုလို့ရှိယင် ဟဲ့—နင် ဂုဏ်မလိုချင်နဲ့၊ ကိုယ့်ခေါ် ကိုယ် မြှင့်တင်ရမယ်။ နံနံလေးများ နာမည်ကြီး ချင်တယ် ဆိုလို့ရှိယင် အို–နာမည်မလိုချင်နဲ့။ ကိုယ်ကတကတဲ သူတပါးကို ကောင်းစားအောင် လုပ်နေတဲ့ ဥစ္စာပဲ၊ ဘာပြုလို့ ဒီကြားထဲ နာမည်လိုချင်တဲ့ လောဘ ပါနေရသလဲ။ မေတ္တာ ခေါ် ကရုဏာခေါ် ဖြောင့်ဖြောင့်ကြီးနေပါစေ့လား။ဟောဒီ လို ကိုယ့်ခေါ်ကလေး ကိုယ်လေ ချိန်ပြီးတော့ စိတ်ခေါ် နာမ်ခေါ်ကလေးကို ချိန်ပြီးတော့ကြည့်ရမယ်။ သွားတဲ့လာတဲ့ စားတဲ့ သောက်တဲ့အခါမလဲ ပရိယာယ် မာယာဟန်တွေ ပါသလားလို့၊ ရုပ်ခေါ်ကလေးကို ချိန်ကြည့်ရမယ်။ ကိုယ့်ကိုယ် ကို ချိန်ကြည့်နေကျဆိုတော့ သူများကိုလေ သိပ်လွယ်လွယ် ကူကူနဲ့ နားလယ်တာပဲ၊ သိတာပဲ။

ဝေ၊ စင်စစ် ကောန် အမှန် စိတ်ထား ရိုးဖြောင့်သော အားဖြင့်။

ဖြောင့်ဖြောင့်—ဘာဖြစ်ဖြစ် ရိုးရိုးဖြောင့်ဖြောင့် အထက် လူ ကြီးက ငါ့ကိုအထင်ကြီးအောင် ဒီလိုပါလာလို့ရှိယင်ကို တကတဲ လောဘလေးကလေ ခေါ်ကိုနှိမ်ပြီးတော့ ခေါ်ကိုဖျက်ဖျက်

ပစ်တယ်။ တော်တော် မကျေနပ်စရာ ကောင်းတာ။ ဒီမရိုး မဖြောင့်တဲ့ ဥစ္စာတွေဟာ မဖြောင့်ဘူး ဆိုလို့ရှိယင်မှားပီ၊လမ်း လွဲပီ၊ လမ်းလွဲတယ် ဆိုကတဲက ဟို-နိဗ္ဗာနဓာတ်ကို ရောက်ဖို့ ရာကို အပုံကြီး ခရီးတွေ ကွာသွားပြန်ပြီ၊ ဒါကြောင့် ရိုးရိုး ဖြောင့်ဖြောင့်သွားမှ လမ်းဖြောင့်လို့မဂ်ဓာတ်၊ဖိုလ်ဓာတ်၊နိဗ္ဗာန ဓာတ်နဲ့ ကပ်သွားမယ်။

**ပထမ သူတော်ကောင်း ဂုဏ်အင်္ဂါ** ယော မိရော၊နဂိုမူလ ဓာတ်ခံရသဖြင့် ဘဝ နှောက်နှောင်း ကောင်းထက် ကောင်းဖို့ လမ်းကြောင်း တီထွင် အကြင် ပညာရှင်သည်။ ဝေ၊ ငင်စစ်ကေန် အမှန်စိတ်ထား ရိုးဖြောင့်သောအားဖြင့်။ ကတညူ၊သူတပါးတို့ ပြုထားအပ်ဘူး မြတ်ကျေးဇူးကို အထူးသိသဖြေ့ သိလေ့ရှိသည်လည်းကောင်း။

ဟော—အင်္ဂါတပါး၊ သူတော်ကောင်း အင်္ဂါတပါး၊ သူတပါးက ဘာပြုဘူးတယ်။ ဥပမာ—တို့ငယ်ငယ်တုန်းက မိဘ များကလေ တို့ကို ဘယ်လိုစောင့်ရှောက်ခဲ့လိမ့်မယ်။ ကြည့်စမ်း၊ ငါတို့က ငါတို့သားသမီးကို ဘယ်လိုစောင့်ရှောက်တယ်၊ ဒီလို ဆိုယင် ငါတို့မိဘက ငါတို့ကို ဘယ်လိုစောင့်ရှောက်ခဲ့လိမ့်မယ် နော်။ တို့ဘာမှမသိခင် လူမမယ်လေး ဘဝတုန်းက တို့အဖေ အမေများက ဘယ်လို စောင့်ရှောင့်လိမ့်မယ်နော်။ တို့ကို တို့ ဘိုးဘွားများက တို့ကိုချစ်တယ်လို့ ဆိုတယ်နော်၊ တို့ကို ဘယ်လို ချစ်ရှာလိမ့်မယ်နော်၊ ဘယ်လိုယုယရှာလိမ့်မယ်နော်။ အားလုံး လေ ပြန်ပြီးတော့ သိရ၊ တို့ဆရာသမားတွေကလေ တို့ကို

(ဒုတိယအကြိမ်)

ဘယ်လိုချီးမြှောက်လိုက်လို့ ဘယ်လို စောင့်ရှောက်လိုက်လို့ တို့ ဒီအခြေအနေ ရောက်လာတယ်နော် သိရတယ်။ ဟိုနား ဒီနား သွားယင်း လာယင်း မိတ်ကောင်း ဆွေကောင်းတွေ တွေ့ပြန်၊ ဪ—သူကလေ တို့ကိုစောင့်ရှောက်ရှာတယ်၊တကတဲ့ကျေးဇူး ကိုသိလို့ ဒါသူတော်ကောင်း· လက္ခဏာ၊ သူတော်ကောင်း လက္ခဏာ။

အဲဒီလို ကျေးဇူးမသိပဲနဲ့ ပြောင်းပြန် ပြန်ကြည့်လိုက်စမ်း။ အို—အမေ အဖေ ကျေးဇူးမတင်နိုင်ပေါင်၊ ဆရာသမား အို— ကျေးဇူးမတင်နိုင်ပေါင်၊ ဘာကြောင့် ညာကြောင့်နဲ့ သူတို့က ကျေးဇူးမတင်စရာနဲ့ဆိုယင် သူတော်ကောင်းဆိုတဲ့အဖြစ်မျိုးက ပြောင်းပြန် ပြန်ပြီးတော့ သွားပြန်တယ်။

**ဒုတိယသူတော်ကောင်း** ကတညူ၊ သူတပါးတို့ပြုထားအပ်ဘူး **ဂုဏ်အင်္ဂါ** မြတ်ကျေးဇူးကို အထူးရှိသရွေ့သိလေ့ ရှိသည်လည်းကောင်း။ ကတဝေဒီ၊သူ များပြုအပ်ကျေးဇူးရပ်ကို တတ်သရွေ့မှတ်သရွေ့ဆပ်လေ့ရှိသည် လည်းကောင်း။

နှစ်ချက်နော်၊ ကျေးဇူးတော့ သိပါရဲ့၊ကျေးဇူးဆပ်မဲ့အချိန် ကျတော့ တွန့်တွန့်နေတယ်။ ဒါက ခတ်ညံ့လို့၊ ခတ်ညံ့လို့။ ကိုယ့်ကိုယ်ကို၊ကိုယ့်စိတ်ကိုသေသေချာချာကြည့်နော်၊ ကျေးဇူး ဆပ်ရမဲ့အချိန်ကျတော့ စိတ်က တွန့်တွန့်သွားတယ်။ နှမြော သလိုလို၊ပျင်းသလိုလို အဲသလိုဖြစ်တော့ ကျေးဇူးဆပ်ရမဲ့အချိန် သူ့ကျေးဇူးတောင်မှကျေးဇူးမတင်ချင်သလိုလို၊အလကားပါ၊

(ဒုတိယအကြိမ်)

ဘယ့်နှယ်-ညာ့နှယ် ဟောဒီလို စိတ်ကလဲ ဖြစ်တယ်။ နှုတ်ကလဲ ပြောမိတတ်တယ်။ဆိုပါတော့၊ မိဘတွေကျေးဇူးကို ကိုယ်က ပြန်ပြီးဆပ်ရမဲ့အချိန်မှာ သွက်သွက်လက်လက် ထက်ထက် မြက်မြက် စိတ်ပါလက်ပါ မဟုတ်တတ်ပဲနဲ့ အို-ဒီလောက်ဆို တော်ရောပေါ့၊ အို-ဒီလိုဆိုတော်ရောပေါ့။ အဲသလို စသည်အားဖြင့် ကျေးဇူးဆပ်တဲ့နေရာမှာလေတွန့်ပြီးတော့နေပြီဆိုယင် သူတော်ကောင်းခေတ် နဲနဲညံ့နေတာ။ ဆရာသမားနဲ့ စပ်လာလို့ရှိယင် ဆရာသမား ကျေးဇူးတွေ ငါ့မှာရှိတယ်၊ အဲဒီကျေးဇူးတွေ ငါဆပ်ရမယ်ဆိုယင် ပြန်တွန့်နေတယ်။ ဆရာ့အလို တယ်မလိုက်ချင်ဘူး၊ ဆရာ့ကို ပြန်ပြီးတော့ ရိုသေလေးမြတ်စွာနဲ့ကျိုးကျိုးနွံနွံနဲ့ တယ်ပြီးမနေချင်ဘူး။ ဒါတွေလေ ကတဝေဒီဆိုတဲ့ ဂုဏ်အင်္ဂါ နဲနဲလေးညံ့ပြီး ခေတ်ရော့သွားတာ။

**အလောင်းတော် ခြင်္သေ့မင်း** ကတဝေဒီ၊ သူများပြုအပ် ကျေးဇူးရပ်ကို တတ်သရွေ့ မှတ်သရွေ့ဆပ်လေ့ရှိသည်လည်းကောင်း။ ရှေးတုန်းက ဘုန်းကြီးတို့ ဘုရားအလောင်းဟာ ခြင်္သေ့မင်းဖြစ်၊ တခါတော့ တောင်ပေါ်ကနေပြီး တဟုန်ထိုးခုန်ပြီး ဖမ်းလိုက်တာ အကောင်ကို မဖမ်းမိပဲနဲ့ ညွန်ဗွက်ထဲကျနစ်ပါရောလား။ ပြန်ပြီးတော့ ထဖို့ရာ ထောက်စရာ၊ ကန်စရာ ဘာမှ မရှိတော့၊ အားကလဲပဲ ဘယ့်လောက်ကြိုးစားကြိုးစား ထောက်စရာမရှိတော့၊ သူခုန်ပြီးတော့ ရုန်းမထွက်နိုင်ဘူး၊ ရွှံ့ညွန်ထဲမှာ။ အဲဒီအခါမှာ မြေခွေးတကောင်ဟာ မလှမ်းမကမ်းရောက်လာတော့ ခြင်္သေ့က လှမ်းခေါ်တယ်။

(ဒုတိယအကြိမ်)

“အသင်မြွေခွေး၊ လာပါ၊ လာစမ်းပါ”ဆိုတော့ မြွေခွေးက လာရှာ။ လာတော့အနားရောက်တော့“ငါကို ဗိုက်အောက်က နေပြီး မ-ပေးပါ၊ မ-ပေးလို့ရှိယင် ငါ့အားနဲ့ ငါကြိုးစားပြီး တော့ ရုန်းပါ့မယ်”ဆိုတော့ မြွေခွေးကကြောက်တယ်တဲ့၊ အရှင် သခင်ကို ကျွန်တော် မ-ပေးရမှာဆိုတော့။ ကိစ္စမရှိပါဘူး၊ ငါ ကျေးဇူးသိတတ်ပါတယ်ဆိုတော့ မြွေခွေးက နဲနဲရဲလာပြီးတော့ အနားကပ်ပြီး ဟို-ရွှံကလေးတွေကို ယက်၊ အဲ-ယက်ပြီးတော့ သူ့ခေါင်းက ဗိုက်အောက်ဝင်လောက်တဲ့အချိန်မှာ “ကြိုးစား လိုက်စမ်း-သခင်”လို့ ဆိုပြီး အားပေးလိုက်တာ၊ ဟိုကလဲ လွတ် ရုန်းလိုက်တာ တခါထဲလွတ်ထွက်လာခဲ့ရော။ ဟာ—ဝမ်းမြောက် ဝမ်းသာဖြစ်။ ခြင်္သေ့ကလဲ ဝမ်းမြောက်ဝမ်းသာဖြစ်။ အသင် မြွေခွေး၊ အသာဒီနား နေရစ်အုံး—ဆိုပြီးတော့ သူက တခါထဲ ဟို—သမင်တို့၊ ဘာတို့ လိုက်ရှာဖမ်းပြီးတော့ ယူလာတယ်။ စား-မိတ်ဆွေစား။ မြွေခွေးက နဲနဲလေးတော့ သူကရွံ့တွန့်တွန့်။ စား-စား။ အမယ်လေး- ကျေးဇူးတင်လိုက်တာ၊ ကျေးဇူးသိတတ် လိုက်တာ စားစား၊ နောက်တော့ လာ လိုက်ခဲ့၊ ငါ့တို့နေတဲ့ ဂူထဲလိုက်ခဲ့ဆိုပြီးတော့ ခေါ်သွား။ သူလဲစားတယ်၊ သူလဲ အား တွေ ဘာတွေရှိ။ ခေါ်သွားပြီးတော့ သင်ရဲ့ ကလေးတွေနဲ့ သင်ရဲ့ မယားခေါ်ခဲ့။ တို့နဲ့ အတူတူနေရအောင်။ ဟာ-ဒီတော့ ရဲလို့ အတူတူနေ။ ဟို-တောကောင်တွေ ဘာတွေ ဖမ်းမိပြီဆိုမှ ဖြင့် ဟာ -စားကြ။ မြွေခွေးရဲ့ သားမယားပါ စားကြ၊ ပြီးတော့ သူ့ရဲ့ကလေးတွေပါ ခြင်္သေ့ပါ ခြင်္သေ့မပါ စားကြ။ ဒီလိုနဲ့အရေး ပါလိုက်တာ။ အရေးပါတော့ခြင်္သေ့မကကြာတော့တယ်-မကျေ

နပ်ချင်ဘူး။ ဘယ့်နှယ်ငါ့ခြသေ့်ဟာအရေးပါလွန်းတယ်၊ ဘာလဲ ညာလဲနဲ့ စိတ်ထဲ မကျေမနပ်နဲ့ တောင်တွေးမြောက်တွေး တွေး ရာကခြသေ့်တို့၊ မြေခွေးတို့ အစာရှာသွားကြပြီဆို အတူတူသွား ကြ။ သွားကြပြီဆိုယင် သူကခြသေ့်ကလေးတွေကို ပြောတယ်။ ဟဲ့-ဟို မြေခွေးကလေးတွေကို နင်တို့ တယ် အဖက်မလုပ်နဲ့၊ နဲနဲ ပါးပါး နှိပ်စက်တဲ့။ အမေက မြှောက်ပေး။ ခြသေ့်လေးတွေက မြေခွေးနဲ့ အယင်က တော်တော်ချစ်တာ၊ အမေက မြှောက်ပေး တာနဲ့ နဲနဲကလေး သူတို့က ကျယ်လာတယ်။ အဲ-မြေခွေးမကို လဲ သူတို့ နဲနဲ စော်ကားမော်ကားလုပ်ကြ။ ဒီတော့ ပြန်လာတဲ့ အခါကျတော့ သူတို့ တိုင်ကြတယ်ကိုး။ ကျုပ်တို့ကို ဒီလိုပဲ နှိပ် စက်တယ်၊ မနေချင်တော့ဘူး၊ တခြားသွားကြစို့ရှဲ ဆိုတော့ မြေခွေးက ခြသေ့်ကို ပြောတယ်။ "သခင်—ကြာတော့ မုန်း လာတတ်တယ်၊ ဒီလို ဒီလိုပဲ ကျုပ်တို့ အစာရှာထွက်တဲ့အခါကျ တော့ ခြသေ့်မနဲ့ ကလေးတွေက ကျုပ်ကလေးတွေနဲ့ ကျုပ်ရဲ့ မိန်းမကို နှိပ်စက်သတဲ့" ဆိုတော့ ခြသေ့်ကလေ ခြသေ့်မကို ပြောတယ်။ "ရှင်မ၊ ဟို-ဘယ်လောက်အချိန်တုန်းက ငါဘယ်နှစ် ရက်လောက် ပြန်မလာတာ မင်းမှတ်မိသေးသလား။ မှတ်မိ တယ်။ အဲဒီတုန်းကလေ ငါရှုံ့ညှန့်ထဲကျံ့နေတော့ ဟောဒီ မြေ ခွေးက ငါ့ကို ဗိုက်အောက်ကနေပြီးတော့ မ-ထုတ်လို့ငါအသက် ဘေး ချမ်းသာရာရလာတယ်ကွယ်၊ ကျေးဇူးရှင်တွေကိုမင်းမနှိပ် စက်ပါနဲ့"လို့ အဲဒီလိုပြောတော့မှ ခြသေ့်မလဲ သဘောပေါက် ပြီးတော့ ချစ်ချစ်ခင်ခင် ပြန်ပြီးတော့ နေကြတယ်။ သားစဉ် မြေးဆက် ခုနစ်ဆက်လုံးလုံး အချစ်မပျက်ကြဘူးတဲ့။

(ဒုတိယအကြိမ်)

ယော မီရော၊ နုဂ္ဂိမူလ ခေတ်ခံရသဖြင့် ဘဝနောက်နှောင်း ကောင်းထက်ကောင်းဖို့ လမ်းကြောင်းတီထွင် အကြင်ပညာရှင် သည်။

**ခေတ်ခံကောင်းတာမှ တန်ဖိုးရှိ**

ကြည့်စမ်း၊ အလောင်းတော်ခြသေ့်မင်း ဟာ ခေတ်ခံရလာလို့ ကျေးဇူးသိ တတ်လိုက်တာ။ သိတာမှ အို-တခါထဲ တကတဲ အစာတွေ ကျွေးမွေးလိုက်၊ ဒီလိုတင်မဟုတ်ဘူး၊ ဟို-အ သက်ထက်ဆုံး ချစ်ချစ်ခင်ခင်နေ၊ နောက် သားစဉ်မြေးဆက် ချစ်ချစ်ခင်ခင်နေရစ်ဖို့ရန်ပြောပြ၊ အဲဒီလို ခေတ်ခံကောင်းတာ တွေ ဘုန်းကြီးက အားရတာ၊ အားရတာ။ ဒီခေတ်ခံက မပျက် ဘူး။ ဒီကောင်းတဲ့ခေတ်ခံကမပျက်ဘူး ။ ခဏပန်းကလေး ပစ္စည်း ဥစ္စာပေါလို့၊ ခဏပန်းကလေး အမျိုးအဆွေတင့်တယ်လို့၊ ခဏ ပန်းကလေး ရုပ်အဆင်းလှလို့ ဒါ အသုံးမကျပါဘူး။ မကြာခင် ဒီဘဝကလေး ကျော်လွန်ပြီး ဟိုတကန့်ရောက်သွားကြတာပဲ။ ဒါဟာ ဘာမှ ဘာမှ အားမကိုးလောက်ဘူး။ ဘာမှလဲ အထင် မကြီးလောက်ဘူး။ဘာမှလဲဒီလိုပုဂ္ဂိုလ်မျိုးကိုကိုယ်ကအရေးကြီး တယ်လို့မယူလောက်ဘူး၊ အမှန်ကတော့ အဲဒီခေတ်ခံကလေး ဘုန်းကြီးက သဘောကျတယ်ကိုး။

“ယော မီရော၊ နုဂ္ဂိမူလ ခေတ်ခံရသဖြင့်- “အဲဒီခေတ်ခံက ဘဝထဲ ပျောက်ပျောက်မသွားတာ ဘုန်းကြီးက ကိုက်လွန်းလို့

ကြည့်စမ်းလေ၊ ဘုရားရှင်ကိုယ်တော်မြတ် သဗ္ဗညုတဉာဏ် ရပါလို၏လို့ ဆုတောင်းလာတာ ဓာတ်ခံမပျက်လို့၊ လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ပြည့်တဲ့အခါကျတော့ ဘုရားဖြစ်လာတယ်။ အရှင်သာရိပုတ္တရာက ဉာဏ်ပညာ ကြီးရပါလို့ရဲ့လို့ ဆုတောင်းပြီးတော့ ကုသိုလ်ကောင်းမှုတွေပြုလာ။ ဘ၀တိုင်း ဉာဏ်ပညာ ကြီးချင်တယ်၊ ကြီးချင်တယ်ဆိုတဲ့ ဓာတ်ခံပါလာ။ ဒီတော့ အရှင်သာရိပုတ္တရာက တသင်္ချေနဲ့ ကမ္ဘာတသိန်းပြည့်တော့ ဟော- ဧတဒဂ်ရပညာရှင်ကြီး ဖြစ်ပြီးတော့ လာခဲ့ရ။ ဘုန်းကြီးက ဒါပဲ သဘောကျတယ်။ ခဏပန်း ပစ္စည်းဥစ္စာပေါတာလဲ တော်ပါတယ်လေ။ ဒါက ခဏပန်းပေါသလား ဘာလားတော့ မသိဘူးပေါ့။ ခဏပန်း အမျိုးအဆွေမြတ်တာလဲ ဒါလဲ တကန့်ပဲ။ ဘာကြာတာလိုက်လို့။ ခဏပန်း ရုပ်အဆင်းလှတာလဲ အို—ဒါလဲ တကန့်ပဲ။ ဘာကြာတာလိုက်လို့။ အမှန်တန်ဖိုးရှိတာက သူ့ရဲ့ ဓာတ်ခံကလေး ကောင်းနေတာလေးပဲ။ အဲဒါဟာဖြင့် တဘ၀လဲ မက၊ နှစ်ဘ၀လဲမက ပရိနိဗ္ဗာန်စံတဲ့ ဘ၀တိုင်အောင် ဒီ ဓာတ်ခံကောင်းကလေးက လိုက်သွားမှာဖြစ်တော့ အဲဒါ ဘုန်းကြီးကတယ်ကျေနပ်တယ်။ တယ်ဝမ်းသာအားရဖြစ်တယ်။ ဒီသူ့အပေါ်မှာတော့ တယ်သဘောကျတယ်။ အဲဒီ ဓာတ်ခံကောင်းတယ် မကောင်းဘူး၊ ဘ၀သံသရာ လိုက်မယ် မလိုက်ဘူး ဆိုတဲ့ ဒီအင်္ဂါတွေ ရှောက်ကြည့်ပါ။ သူများကျေးဇူးကို သိတတ်သလား၊ သူများကျေးဇူးကို ဆပ်ရမယ့်အချိန်ကျတော့ ရှောရှောရှူရှူဆပ်ရဲ့လား။ အဲဒါတွေကြည့်ပါ။

**ဒုတိယ သူတော်ကောင်း ဂုဏ်အင်္ဂါ** ကတညူ၊ သူတပါးတို့ ပြုထားအပ်ဘူး မြတ်ကျေးဇူးကို အထူးရှိသရွေ့ သိလေ့ရှိသည် လည်းကောင်း။

ကတဝေဒီ၊ သူများပြုအပ် ကျေးဇူးရပ်ကို တတ်သရွေ့ မှတ်သရွေ့ ဆပ်လေ့ရှိသည်လည်းကောင်း။ ကလျာဏမိတ္တော၊ မိကောင်း ဖခကောင်း ဆရာကောင်းနှင့် ဖော်ပေါင်းအတိ မိတ်ကောင်းရှိသည်လည်းကောင်း။ လောကပေါင်းသင်း ဆက်ဆံကြတာ ပေမယ့်လို့ ခေတ်တူချင်းမှသာ ပေါင်းလို့ ကောင်းတာ။ လူကောင်း လူကောင်းချင်း ပေါင်းလို့ တယ်ကောင်း။ လူမကောင်း လူမကောင်းချင်း ပေါင်းပြန်တော့လဲ တခါ တခါ တယ်ကောင်းတယ်။ တခါတခါတော့ မကောင်းသည့် အားလျော်စွာ တယ် ကြောက်စရာကောင်း။ လူကောင်း လူကောင်းချင်း၊ သူတော်ကောင်း သူတော်ကောင်းချင်း သတင်းလေ့ လေ့ဆိုတာလို တယ် ပေါင်းလို့ သင်းလို့ ပြောလို့ ဆိုလို့ကောင်း။

ကလျာဏမိတ္တော၊ မိကောင်း ဖကောင်း ဆရာကောင်းနှင့်— ဒါ ကံကောင်းမှရတာ။ ခေတ်ခံကောင်းတဲ့သူတွေ ကံကောင်းလာတဲ့ လူတွေမှ အမေကောင်း အဖေကောင်းနဲ့ တွေ့တာ။ ခေတ်ခံကောင်းလာတဲ့ ကံကောင်းလာတဲ့သူမှ ဆရာကောင်းနဲ့ တွေ့တာ၊ သမားကောင်းနဲ့တွေ့တာ။

ကလျာဏမိတ္တော၊ မိကောင်း ဖကောင်း ဆရာကောင်းနှင့် ဖော်ပေါင်းအတိ မိတ်ကောင်းရှိသည်လည်းကောင်း။

(ဒုတိယအကြိမ်)

အပေါင်းကလဲတယ်ကောင်း။ နို့တကတဲကြည့်ရှုမယ့်သူနဲ့ မှစမယ့် သူနဲ့ လမ်းကောင်းညွှန်ပြမယ့်သူနဲ့ အားပေးမယ့်သူနဲ့ တယ်ကောင်း။ ဆရာသမားတွေ ကြည့်လိုက်တော့လဲ ပညာသင်ချိန် ပညာသင်ပေးတဲ့ ဆရာကကောင်း၊ အမိ အဖတွေ ကြည့်လိုက်တော့လဲ အမိအဖတွေက သိက္ခာရှိရှိနဲ့၊ အမိအဖတွေကအားကိုးစရာကောင်းလိုက်တာ၊ ပစ္စည်းဥစ္စာနဲ့၊ သိက္ခာနဲ့၊ ပြောဆိုဆုံးမလို့။ အဲဒါကိုက ရှေးကံကောင်းမှု၊ ခေတ်ခံ ကောင်းမှု အကောင်းတွေတာ။ ဒါကြောင့် ဆွေကောင်း မျိုးကောင်း တွေ တွေ့ကြလို့ရှိယင် ဝမ်းသာစရာ။ · ဩဝါဒ- ငါ့ဘဝ ဟိုဘက် အကန့်တွေက ငါ မညံ့ခဲ့လို့ ဒီအကန့်မှာ မိကောင်း ဖကောင်းနဲ့ တွေ့ရတယ်။ ဆရာကောင်း သမားကောင်းနဲ့ တွေ့ရတယ်၊ ဝမ်းသာစရာ။ ဟိုဘက် အကန့်တွေက ငါမညံ့ခဲ့လို့ ဒီအကန့် ဆရာကောင်း သမားကောင်းနဲ့တွေ့ရ။ သူတော်ကောင်း အပေါင်းအဖော်တွေနဲ့ တွေ့ပြန်လဲ ဝမ်းသာစရာ။

ကလျာဏမိတ္တော၊ မိကောင်း ဖကောင်း ဆရာကောင်းနှင့် ဖော်ပေါင်းအတိ မိတ်ကောင်းရှိသည်လည်းကောင်း။ ဒါ-ဂုဏ်အင်္ဂါတခု၊ ခေတ်ခံကောင်းတဲ့ သူတော်ကောင်းရဲ့ လက္ခဏာတခု။

**စတုတ္ထ သူတော်ကောင်း ဂုဏ်အင်္ဂါ**

တံ ဒဋ္ဌဘတ္တိ၊ ထိုမိတ်ကောင်းလဲ အသဲစွဲမှ အမြဲမပြတ် ဆည်းကပ်လေ့ရှိသည်လည်းကောင်း။ မိတ်ကောင်း ဆွေကောင်းနဲ့ တွေ့ပါရဲ့ ပေါ့ပေါ့ ဆဆ။ ဒီလို ဆိုယင်

(ဒုတိယအကြိမ်)

ဒီဂုဏ်အင်္ဂါ ညွှန်တာပဲ။ ဆရာကောင်း မိကောင်းဖကောင်းနဲ့ တွေ့ပါရဲ့ ပေါ့ပေါ့ ဆဆ။ ဘာမှ မိကောင်း ဖကောင်းမှန်း မသိဘူး၊ ဘာမှ အဖော်အပေါင်းကောင်းမှန်း မသိဘူး။ အဲဒီလို မသိတော့ သူခွါပြီးတော့ တော်တဲ့နေရာသွား၊ တော်သလိုနေ၊ ပြောတာ နားမထောင်။ အဲဒီလိုဆိုလို့ရှိယင်လဲ သူဟာ သူတော်ကောင်း လက္ခဏာပျက်တယ်၊ သူတော်ကောင်း ဆိုတဲ့ဥစ္စာ မိကောင်း ဖကောင်းဆရာကောင်းသမားကောင်းမိတ်ကောင်း ဆွေကောင်းတွေကို ခိုင်ခိုင်မြဲမြဲ မကွဲမကွာ ဆက်ဆံရတယ်။

**ပဌမ သူတော်ကောင်း ဂုဏ်အင်္ဂါ** ဒင္ဂဘတ္တိ၊ ထိုမိတ်ကောင်းလဲ အသဲစွဲမျှ အမြဲမပြတ် ဆည်းကပ်လေ့ ရှိသည်။

ဟုတ္ထာ၊ ဖြစ်၍။ ဒုက္ခသာ၊ မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပံ့ထောက်မှုမှ ဆင်းရဲသူ၏။ ကိုယ့်မျက်စိ အောက် ဒုက္ခရောက်နေ၊ ဘယ်လိုလုပ်မလဲ။ ဒုက္ခိတသာ၊ မိမိ မျက်မှောက် ဒုက္ခရောက်သဖြင့် ပံ့ထောက်မှုမှ ဆင်းရဲသူ၏—

ကိုယ့်မျက်စိအောက် ဒုက္ခရောက်နေ ဘယ်လိုလုပ်မလဲ။

ကိစ္စံ၊ စားသောက်နေရေး ဆေးဝါးပေး၍ လုပ်ကျွေးသမှု ကိစ္စစုကို။ သက္ကစ္စံ ကရောတိ၊ ကိုယ်ချင်းစာနာ သနားညှာ၍ များစွာပံ့သေ ပြုစုတတ်ပေ၏။

ဒါက အရေးကြီး၊ ဒါလေးက ခေတ်ခံကောင်းတယ် မကောင်းတယ်ဆိုတဲ့ဥစ္စာ အရေးကြီးတယ်။ ခေတ်ခံ ဘယ် လောက်ကောင်းတယ် မကောင်းတယ်ဆိုတာလဲ အရေးကြီး တယ်။

(ဒုတိယအကြိမ်)

ဒုက္ခိတသာ၊ မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပုံထောက် မဲ့မူ ဆင်းရဲသူ၏-တဲ့။

ကိုယ့်မျက်စိအောက် ဒုက္ခရောက် နေယင် ချက်ချင်းကူ ချက်ချင်းပြုစု ချက်ချင်းကူညီပါ။ ဒီတော့ ဒီကိစ္စလေးဟာလေ တယ်ပြီးတော့ ကျယ်ဝန်းတယ်။ ဥပမာ— ခရီးသွားတယ်၊ တယောက်က ဒုက္ခရောက်နေ၊ ကိုယ်က ချမ်းချမ်းသာသာသွား ဆိုပါတော့။ လှည်းပေါ်နဲ့ တောရွာမှာသွား၊ တယောက်က လှည်းမရှိဘူး၊ ခြေလျင်သွားတယ်၊ လှည်းကလဲ နွားများလဲ နဲနဲပေါ့ပါသေးရဲ့၊ နွားဘက်လဲ ကြည့်လိုက်ရမယ်။ ဟို ခြေလျင် သွားတဲ့လူလဲ ကြည့်လိုက်ရမယ်။ သူ့တင်တဲ့အတွက် နွားတွေ မနဲရုန်းနေရမှာဖြင့်လဲ နွားတွေမသနားရာကျမယ်။ တခါ နွားက ပေါ့ပေါ့ပါးပါး ရှိရက်သားနဲ့ သူ့ကို လာပါ လာပါဗျာ၊ လှည်းပေါ်မှာဒီလိုမခေါ်ပြန်လို့ရှိယင်လဲ သူ့ကိုမစောင့်ရှောက် ရာကျမယ်။ တခါ ဘုမသိ ဘမသိနဲ့ ဒီလူ့ ခေါ်မိလို့မို တကတဲ လှည်းပေါ်ကျမှ ဒမြတိုက်သွားယင်လဲပဲ အခက်၊ ဒီလို စဉ်းစား စရာကရှိ—

ဒုက္ခိတသာ၊ မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပုံထောက်မဲ့မူ ဆင်းရဲသူ၏။

ဒီတော့ တယ်နယ်ကျယ်တယ်။ မီးရထားပေါ်မှာ အများ စီးတဲ့ဘွဲပေါ်မှာစီး။ ကိုယ်က နေရာလေး ကောင်းကောင်းရ။ ကိုယ့်နေရာလေး နဲနဲလေးများ ကျယ်နေတဲ့အခါ နဲနဲလေး ကျုံ့မပေးချင်ဘူး။ ဒါ-ဒါ သူတော်ကောင်းလက္ခဏာ သိပ်ပျက်

ာပဲ။ ဟာ—ကိုယ့်နေရာလေး နဲ့နဲ့လေးရှိပါသေးရဲ့၊ ဟိုလူတွေ သိပ်ကြပ်၊ နဲ့နဲ့ဒီတိုးပါဗျာ၊ ဒီလာတာပေါ့ဗျာ၊ ဟောဒီနား နဲ့နဲ့လေးတော့ရပါသေးရဲ့၊ ဟော-ဒီလို ဆိုတော့သူတော်ကောင်း လက္ခဏာ ဖြစ်သွားပြန်ရော။

တခါ ကိုယ့်ချပ် ကိုယ့်ရွာ ကိုယ့်အိမ်အနီးအပါးမှာ ဘယ်သူ ဖြင့် သိပ်ဆင်းရဲတယ်၊ အဖိုးကြီးအဖွားကြီးဖြစ်နေတယ်၊ ဆင်းရဲ တယ်၊ ကိုယ်ကလဲ နဲ့နဲ့ပေးနိုင် ကမ်းနိုင်ရှိတယ်။ ဟော နဲ့နဲ့ပါးပါး ပေးကမ်းလို့၊ ထောက်ပံ့လို့၊ ဒီလိုဆိုတော့ သူတော်ကောင်း လက္ခဏာရှိပြန်ရော။ ကိုယ်က ပေးနိုင်ကမ်းနိုင်တော့ အရှိသားပဲ၊ ဘာမှ ပေးခြင်း ကမ်းခြင်း မရှိဘူးဆိုတော့ ဟော—သူတော် ကောင်းလက္ခဏာပျက်သွားပြန်ရော။ မရှိဆင်းရဲတဲ့သူကပါလာ။ အဲ—သူ မကျန်းမမာရောဂါတွေဖြစ်နေ၊ ကိုယ့်ဆေးဝါးလဲ အရှိ သားနဲ့ တတ်လဲတတ်နိုင်သားနဲ့ အဲဒါမကူဘူးဆိုပြန်၊ သူတော် ကောင်း လက္ခဏာက ပျက်သွားပြန်ရော။ တခါ မရှိဆင်းရဲတဲ့ သူတဲ့။ ဆေးဝါး သူ့ခမျာ မစားရလို့တဲ့။ အို—ဒီလိုဆိုယင် ကိုယ့်ဆေးဝါးရှိသားပဲဆိုပြီးတော့ ပြုစုလို့၊ ဆေးဝါးပေးလို့၊ ဟောသလိုဆိုတော့သူတော်ကောင်းလက္ခဏာဖြစ်သွားပြန်ရော။

**ဆင်းရဲသူကို ငဲ့ညှာယင် မြန်မာပြည် ဒီအခြေ မရောက်**

ဒုက္ခိတသာ၊ မိမိမျက်မှောက် ဒုက္ခ ရောက်သဖြင့် ပံ့ထောက်မဲ့မူ ဆင်းရဲ သူ၏။ ထောက်ပံ့မဲ့သူက မရှိဘူး။ ဆင်းလဲ ဆင်းရဲတယ်၊ ထောက်ပံ့မဲ့ သူက မရှိဘူး။ အဲဒီလိုဆိုယင် ကိုယ်ကဝင်ပြီးတော့ ကူညီနိုင်

သမျှ ကူညီရတယ်။ ဘုန်းကြီးကလေ ဒီတရား စဉ်းစားယင်း စဉ်းစားယင်း တို့ဗမာနိုင်ငံဟာလေ ဒီအသွားနဲ့ သွားလိုက်လို့ ရှိယင်ဖြင့် ဗမာနိုင်ငံ အေးချမ်းသာယာဖို့ အများကြီး လမ်းရှိတယ်။ ယခု ဒီအသွားနဲ့ မသွားပဲ အသွားတမျိုး သွားနေလို့ ဗမာနိုင်ငံဟာ ယခုအခြေအနေ ဖြစ်ရတယ်။

ဆိုပါတော့ပေါ့၊ မိမိတို့က ပြည့်စုံနေတဲ့ လယ်ပိုင်ရှင်တွေ ဆိုကြပါစို့။ လယ်သမားတွေ ဆင်းရဲနေတယ်။ ဒီ သူတော်ကောင်းလက္ခဏာနဲ့ကြည့်တော့ ဘာ—ဘယ်ပြဿနာပေါ်လာမလဲ။ ဘယ်အဖြေပေါ်လာမလဲ။ သူတော်ကောင်းလက္ခဏာနဲ့ ကြည့်တော့ ကိုင်း—သူတို့တော့ ဘယ်တော့မှ နလံထူမှာ မဟုတ်ဘူး။ ဒီတော့ ကိုယ်တို့က သူတို့အပေါ် တသီးစားခတွေကို လျှော့ပြီးတော့ ယူမယ်။ ဟောဒီလိုဆိုတော့လေ—

ဒုက္ခိတဿ၊ မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပံ့ထောက်မဲ့မူ ဆင်းရဲသူ၏။ ကိစ္စ၊ စားသောက်နေရေး ဆေးဝါးပေး၍ လုပ်ကျွေးသမှု ကိစ္စစုကို။ သင်္ကစ္စံ ကရောတိ၊ ကိုယ်ချင်းစာနာ သနားညှာလျက် များစွာပံ့သေ ပြုစုတတ်ပေ၏။

ဒီလိုများ ဖြေရှင်းလိုက်လို့ရှိယင်လေ၊ ဘယ် လယ်မြေ တွေမှ ဘယ်သူမှ မသိမ်းနိုင်ဘူး။ တခါထဲ သူပိုင် သူ့လယ်မြေအဖြစ်နဲ့ ဆင်းရဲသားတွေလေ မင်းတို့ ဒီသီးစားခတွေ တို့ရှော့ယူမယ်၊ ဟောဒါလောက် ဒါလောက် ယူလိုက်လို့ရှိယင် မင်းတို့စပါး ဘယ်လောက်ကျန်မယ်၊ ဒီလိုဆိုယင် မင်းတို့ ဝမ်းစာရမယ်၊ ဒီလို

များ ချိန်ပြီးတော့များ နှိုင်းယှဉ်ပြီးတော့များ လုပ်ရလို့ရှိယင် ဘုန်းကြီးက ဒီတရားစဉ်းစားယင်း နိုင်ငံရေး သွားပြီးတော့ သဘောပေါက်တယ်။ ဒီ ခဲခဲယဉ်းယဉ်းပြဿနာတွေ ဘာမှမဖြစ်ဘူး။ ရှေးတုန်းက ဒီနည်းပဲ။ ရှေးတုန်းကဆိုတာ ဘုန်းကြီးတို့ ဘိုးဘေးလောက်ဆိုယင် ဒီနည်းပဲ။ ဟာ—ဒီနှစ် စပါးအရနဲမယ်။ ဦးကို စပါးဒီလောက်မပေးပါနဲ့၊ မင်းတို့ဝမ်းစာ ချန်ထားကြ။ အဲသလိုစောင့်ရှောက်လိုက်တော့ ဦးဆိုတဲ့သူမှာလဲပဲ အခြေအနေ လျော့မသွားဘူး။ ဟိုသူတွေမှာလဲပဲ ကြွေးမြီမတင်ဘူး။ ဝမ်းစာ ပြည့်စုံလို့၊ တခါ ဟိုလူတွေကလဲပဲ တို့ကျေးဇူးရှင်ကြီး အမလေး ကျောင်းဒကာကြီးက တို့ကျေးဇူးရှင်။ အောင်မယ်—သူကလဲ ကတညုတ ကတဝေဒီဖြစ်ပြီး သကာလ သူတော်ကောင်းလေး ဖြစ်လို့။ ကျေးဇူးရှင်—သွားပါအေ၊ သူတို့အိမ်များ တမင်သွားပြီး အကူအညီပေးပါဟဲ့-ရှင်မရဲ့၊ တို့ဝမ်းစာလေ ကျောင်းဒကာက လယ်ခ လေးတွေ လျှော့ယူလို့ ဝမ်းစာလုံလောက်တယ်၊ တို့နွားလေး ကျွဲလေးလဲ တို့ဘာမှမရောင်းရဘူး။ ဟော့-ကောင်းလိုက်တာ သွားဟော့၊ ဟို—လုပ်စရာရှိလို့ရှိယင် သွားလုပ်ပေးနော်။ ဟိုကျောင်းအမက ဘာက အခိုင်းစောင့်မနေနဲ့ မင်းသွားပြီး ကြည့်လုပ်ပေးနော်။ ကတညုတ ကတဝေဒီ တဖက်က ဖြစ်လို့၊ တဖက်က ဆင်းရဲသူတွေကို ညှာတာလို့ အကုန်လုံး အကုန်လုံး၊ ဘယ်လယ်မြေ၊ ဘယ်ယာမှ သိမ်းစရာမလိုဘူး။ ဘယ်ပြည်သူပိုင်မှ လုပ်စရာမရှိဘူး။ ဒီသူတော်ကောင်းအသွားနဲ့ သွားလိုက်လို့ရှိယင်ဖြင့် တို့နိုင်ငံရေးပြဿနာဟာ သိပ်ရှင်းတာပဲ

(ဒုတိယအကြိမ်)

လို့ ဘုန်းကြီးတွေးမိတယ်။ ဒီလိုသာ သွားနေတာပဲ။ ဟိုတုန်းက ဟိုလွန်ခဲ့တဲ့ ဘုန်းကြီးတို့ ဘိုးဘေး ဘီဘင် အဲသလိုအချိန်တုန်းက ဒီလိုသွားနေတာပဲ၊ ဘာမှ ရှုပ်ရှုပ်ထွေးထွေး ပြဿနာမရှိဘူး။

**လှူ–လှူဆိုတိုင်း မကောင်း** တကတဲ ဆရာသမားက ဆရာသမား အနေနဲ့၊ ဥစ္စာရှင်က ဥစ္စာရှင်အနေနဲ့ ဥစ္စာမရှိတဲ့ လူကလဲ မှီခိုအားထားပြီးတော့ နေရလေသည့် အတွက် ကျေနပ်လို့၊ ဒီတော့ ဘုန်းကြီးက ဒီအထဲပြဿနာတခု ဝင်လာတာ စဉ်းစားမိတယ် တို့ဘုန်းကြီးတွေက ဆင်းရဲသား တွေ၊ အလုပ်သမားတွေ၊ လယ်သမားတွေ လှူလှူ-လှူလှူဆိုတာ တို့မတရားဘူး၊ ဟဲ ဟဲ... ဘုန်းကြီးက ဒီပြဿနာ ဘုန်းကြီးထဲ ရောက်လာတယ်၊ ဘာလဲ လှူလှူ-လှူလှူ ဘယ်တော့မှ ဒီလှူ လှူ– လှူလှူ ဆိုပြီးတော့ သွားတယောက်ရှင်ပြု လိုက်တယ် ဆိုလို့ရှိယင် မဏ္ဍပ်ကနားကြီးက ဘယ်လောက်၊ ကျွေးရ မွေးရ တာက ဘယ်လောက်၊ ဘုန်းကြီးတွေလှူရတာက ဘယ်လောက် ဆိုပြီး စာရင်းချလိုက်တာ တခါထဲ ကြွေးတင် ကျန်ရစ်ခဲ့တာပဲ။ ဒီတော့ တို့ဘုန်းကြီးတွေကလဲ ဒီပြဿနာထဲ ဝင်ရှင်းစရာလို တယ်။ လှူလှူမဟုတ်ရဘူး၊ သူတို့ဆင်းရဲတယ်၊ တို့ရွာသူ ရွာ သားတွေ ဆင်းရဲတယ်၊ ဒီတော့ ဆွမ်းကလေးရယင် တော်ပီ၊ ကျောင်းကြီး ကန်ကြီးတွေဆောက်ဖို့မလိုပါဘူး၊ တို့ထန်းရွက် တဲနဲ့လဲနေလို့ဖြစ်တာပဲ၊ သက်ကယ်ကျောင်းနဲ့လဲနေလို့ဖြစ်တာပဲ၊ ဝါးကပ်ကျောင်းနဲ့လဲနေလို့ဖြစ်တာပဲ၊ ရပ်သူရွာသား ငွေချမ်း

(ဒုတိယအကြိမ်)

ချမ်းသာသာနဲ့ ဝမ်းစာစပါးတွေ ပြည့်ပြည့်စုံစုံနဲ့ နွားနဲ့ ဒီလို နေနိုင်ဖို့အရေးကြီးတယ်၊ ဒီလိုနေနိုင်လို့ ပိုလျှံတော့ လှူကြပေါ့။

**ထမင်းဦးလေး** တခါတုန်းကဝေသာလီပြည်နယ်မှာ ငတ်**ခူးလောင်းရှိနှင့် မမွဲ** မွတ်ခေါင်းပါးပြီး နေတုန်း မြတ်စွာဘုရားက ဒေသစာရီ ကြွတော်မူလာ။ တိတ္ထိတွေက အခွင့်ရပြီဆိုပြီးတော့ ရှင်ဂေါတမဟာ ဆင်းရဲသူဆင်းရဲသားကို သနားတယ်ဆိုသေးရဲ့ ယခု အစာရေစာ ငတ်မွတ်ခေါင်းပါး ရှားပါးနေတဲ့အခါ သံဃာငါးရာနဲ့ လျှောက်ပြီးတော့ လယ်ပြီး ဆင်းရဲသူဆင်းရဲသားတွေရဲ့ ချွေးနဲ့စာတွေကို စားတယ်။ ဘယ်မှာ သနားကရုဏာ၊ မေတ္တာကရုဏာ ကြီးမလဲလို့ ဘုရားကို စွပ်စွဲကြတော့ ဘုရားရှင်ကိုယ်တော်မြတ်က "ငါဘုရား ကမ္ဘာပေါင်းများစွာ ပြန်ပြီးတော့ ကြည့်တဲ့အခါမှာ စားဦးစားဖျား ချက်ထားတဲ့ ထမင်းထဲက စားဦးစားဖျားလှူလို့ မွဲသွားတာ တယောက်မျှ မတွေ့ဘူး"တဲ့။ ဘုန်းကြီးကသဘောကျလိုက်တာလေ၊ ရပ်သူရွာသားတွေကလေ ချက်ထားတဲ့ ထမင်းသားထဲက ထမင်းဦးပေါင်းသားလေး ခူးပြီးတော့သံဃာတော်တွေ လောင်း်တော့ တယောက်မှ မမွဲပါဘူး။ အဲ—ဟုတ်ကဲ့၊ ကိုယ်နဲ့မတန်ပဲနဲ့ အလှူကြီးပေး၊ သားကြီးရှင်ပြု၊ ကျောင်းကြီးဆောက် ဆိုယင်တော့ မွဲမှာပဲ။ ကျုန်တဲ့လူက ဒါလောက်မက အလုပ်လုပ်နေယင်တော့ မမွဲပါဘူး။ ဒါကြောင့် ဒီပြဿနာဟာလေ သူတော်ကောင်းလက္ခဏာနဲ့ ရှင်းလို့ရှိယင် တို့ဗမာနိုင်ငံဟာ အတော်ကြီး ရှင်းနိုင်စရာရှိရက်သားနဲ့ အခုလို

မရှင်းလို့မို့ ပြဿနာတွေ ဖြစ်ပြီးတော့ ဘာကို ပြည်သူပိုင်လုပ်မယ်၊ လယ်မြေတွေကို သိမ်းမယ်၊ ဘယ်စက်ရုံကြီးကို အစိုးရပိုင် လုပ်မယ် ဘာရယ် စသည်အားဖြင့် အဲဒီလို ပြဿနာတွေ ရှုပ်ထွေးကုန်တာပဲ။ ယခု သူတော်ကောင်း လက္ခဏာနဲ့ဆိုယင်—

ဒုက္ခိတသာ မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပံ့ထောက်မှုမှု ဆင်းရဲသူ၏။ ကိစ္စ၊ စားသောက်နေရေး ဆေးဝါးပေးလျက် လုပ်ကျွေးသမှု ကိစ္စစုကို။

**ကြီးပွားရေးအတွက် တရားတော်က ဖြေရှင်း ပေးနိုင်တယ်**

အဲဒီလိုသာပြုစုပေးလို့ရှိယင် အထက်လူကညာတာ၊ အောက်လူတွေက ကတညုတ ကတဝေဒီ ကျေးဇူးသိ၊ နှစ်ဖက်စလုံးလဲဖြစ်မှနော်။ ဒီလိုဆိုယင်သူတော်ကောင်းနိုင်ငံကြီးဖြစ်ပြီ။ ဒီနိုင်ငံဟာ သာယာဝပြောဖို့ရာ အင်မတန်မှလွယ်ကူတယ်။ အဲဒီတော့ကာ ဘုန်းကြီးတော့ နိုင်ငံကြီးကို အသာထားပြီးတော့ ကိုယ်ရေးကိုယ်တာနဲ့ ကြည့်လို့ရှိယင် ဒီသာမ်းမသွားလို့မဖြစ်ဘူးဆိုပါတော့·ဆရာသမားလုပ်ပြီးတော့ ရဟန်းသံဃာ ဆရာတော်ကြီး၊ သမားတော်ကြီးက တကတဲ ဟင်းတွေ ဘာတွေ ကောင်းကောင်းမွန်မွန်နဲ့နေရာထိုင်ခင်းတွေ ကောင်းကောင်းမွန်မွန်နဲ့ နေလို့၊ တပည့်တပန်း ပရိသတ်တွေကျတော့ ဆင်းဆင်းရဲရဲနဲ့ ကြည့်လို့၊ သူတို့ဆင်းရဲတာတွေဂရုမစိုက်လို့။ ဒီလိုဆိုယင်ဒီပြဿနာဟာ ရှုပ်ထွေးနေမှာပဲ။ တပည့်တပန်းကလဲ ဆရာသမားကို မရိုသေနိုင်ဘူး။ ကတညုတ ကတဝေဒီ

မဖြစ်နိုင်ဘူး။ ဆရာသမားတွေကလဲ မေတ္တာကရုဏာနဲ့ ဒုက္ခရောက်နေတာကို မကူညီနိုင်ဘူး။ ဒီလိုဆိုယင် ဒီပြဿနာဟာကျယ်ပြီးတော့သူတော်ကောင်းလက္ခဏာပျက်မှာပဲ။ဆရာမှာလဲပျက် တပည့်မှာလဲ ပျက်ပြီးတော့ ဒီလက္ခဏာဟာ အပျက်လောကကြီးဖြစ်မှာပဲ။ဒါ့ကြောင့် မြတ်စွာဘုရားရဲ့တရားတော်ဟာလေ လောကီ ကြီးပွားရေးမှာလဲ ဖြေရှင်းလို့ ရတယ်။ သံသရာ ကြီးပွားရေးမှာလဲ ဖြေရှင်းလို့ရတယ်။ ဒါ့ကြောင့် ဒီတရားကို သူတော်ကောင်းလက္ခဏာနဲ့ ကြည့်ပြီးတော့ ဒီသူတော်ကောင်း ဖြစ်အောင်ဟာ ဘယ်သူဖြစ်ဖြစ် ကြိုးစားထိုက်တယ်လို့—

ယောမိရော၊ နဂိုမူလ ဓာတ်ခံရသဖြင့် ဘဝနောက်နှောင်းကောင်းထက်ကောင်းဖို့ လမ်းကြောင်းတီထွင် အကြင်ပညာရှင်သည်။ ဝေ၊ စင်စစ်ကေန် အမှန်စိတ်ထား ရိုးဖြောင့်သောအားဖြင့်။ ကတညူ၊ သူတပါးတို့ပြုထားအပ်ဖူး မြတ်ကျေးဇူးကို အထူးရှိသရွေ့သိလေ့ရှိသည်လည်းကောင်း။ ကတဝေဒီ၊ သူများပြုအပ် ကျေးဇူးရပ်ကို တတ်သရွေ့ မှတ်သရွေ့ ဆပ်လေ့ ရှိသည်လည်းကောင်း။ ဟုတွာ၊ ဖြစ်၍။ ကလျာဏမိတ္တော၊ မိကောင်းဖကောင်း ဆရာကောင်းနှင့် ဖော်ပေါင်းအတိ မိတ်ကောင်းရှိသည်လည်းကောင်း။

မိတ်ကောင်း ဆွေကောင်းဆိုတာ တခါတခါ သိပ်အဆင့်အတန်းမြင့်ပြီးတော့တက်သွားတာပဲ။ဆိုပါတော့လူတယောက်က နံနဲဆင်းရဲတယ်၊ပစ္စည်းရှိတဲ့လူကကြည့်ရှုစောင့်ရှောက် မ-စ

(ဒုတိယအကြိမ်)

လိုက်တယ် တခါထဲ တက်သွားတာပဲ။ လူတယောက်ဟာ စားရေး သောက်ရေးမှာ အင်မတန်ခဲယဉ်းနေတယ်။ တယောက်က နေပြီးတော့ကာ အရင်းအနှီးထုတ်ပေးတယ်၊ တခါထဲတက်သွားတာ ပြည့်စုံသွားတာပဲ။

**အရှင်အာနန္ဒာ စဉ်းစားချက်** ကလျာဏမိတ္တော၊ မိကောင်း ဖကောင်း ဆရာကောင်းနှင့် ဖော်ပေါင်းအတိ မိတ်ကောင်းရှိသည်လည်းကောင်း။ တခါတုန်းကအရှင်အာနန္ဒာစဉ်းစားတယ်။ မြတ်စွာဘုရားကျေးဇူးတင်လွန်းလို့၊ ဩော်-မိတ်ကောင်း ဆွေကောင်း အဖော်ကောင်းဆိုတာ သိပ်အရေးကြီးတာပဲ၊ ဒီသူတော်ကောင်းကျင့်တဲ့အကျင့်နေရာမှာပဲ ဒီ မဂ်ဖိုလ်နိဗ္ဗာန်ရဖို့ကျင့်တဲ့နေရာမှာဒီသူတော်ကောင်းဖြစ်တဲ့မြတ်စွာဘုရားကြောင့်တဝက်တော့ ပြီးစီးသွားတာပဲ၊ တဝက်သာ ကိုယ်က ကြိုးစားဖို့လိုတော့တယ်၊ တဝက်ကတော့ မြတ်စွာဘုရားရဲ့ အညွှန်အပြနဲ့ပဲပြီးသွားတာပဲ၊ သိပ်ကျေးဇူးတင်စရာ ကောင်းတာပဲ။ မိတ်ကောင်းဆွေကောင်းများတယ်၊ ကျေးဇူးတင်စရာကောင်းတယ်လို့ အရှင်အာနန္ဒာက စဉ်းစားပြီးတော့ ဟုတ်လှပါပေါ့စဉ်းစားချက်ဟာ မှန်လှပါဆိုပြီးတော့ မြတ်စွာဘုရား သွားလျှောက်တယ်ကိုး။ မြတ်စွာဘုရား- သူတော်ကောင်းအကျင့် ဒီဗြဟ္မစရိယအကျင့်ဟာဒီကလျာဏမိတ္တအတွက် မိတ်ကောင်းဆွေကောင်းအတွက် တဝက်တော့ ပြီးသွားတာပဲဘုရားလို့ လျှောက်တော့အာနန္ဒာဒီလိုမပြောနဲ့၊ ဒီလိုမယူဆနဲ့၊ ကလျာဏမိတ္တအတွက်ကောင်းသောအကျင့် ကျင့်တဲ့နေရာမှာ အကုန်လုံး ပြီးတယ်၊

(ဒုတိယအကြိမ်)

ဘဝက်မဟုတ်ဘူး။ အာနန္ဒာ-စဉ်းစားစမ်း။ ငါ ဘုရားတည်းဟူသော ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းနဲ့ တွေ့ကြရလို့ တသံသရာလုံး တအိုတဲအိုနေမဲ့ သတ္တဝါအများကြီးဟာ အိုခြင်းဒုက္ခမှ လွတ်ကြရတယ် မဟုတ်လား။ ငါဘုရား တည်းဟူသော ကလျာဏမိတ္တနဲ့တွေ့ကြရလို့တသံသရာလုံး တနာတဲနာတသေတဲသေနေကြရမဲ့ သတ္တဝါတွေ နာခြင်းသေခြင်းမှ လွတ်ကြရတယ် မဟုတ်လား၊ ဒါကြောင့် မြတ်သောအကျင့်ကိုကျင့်တဲ့နေရာမှာ ကလျာဏမိတ္တအတွက် တဝက်လို့ မဆိုးဖြတ်နဲ့၊ အကုန်လုံးလို့ ဆိုးဖြတ်လို့ ဘုရားရှင်က ဆိုးမတော်မူတယ်။

ပြောင်းမြန်ပြန်ကြည့်ဦး အဲဒါလေ ပြောင်းပြန် ပြန်ကြည့်၊ ဘုရားရှင်သာ မရှိလို့ရှိယင်၊ ဘုရားရှင်သာ မပွင့်လို့ရှိယင် အဲဒီပြဟ္မစရိယ တခုမှ ကောင်းတဲ့အကျင့်နဲနဲလေးမှ ကျင့်နိုင်မှာ မဟုတ်ဘူး။ မြတ်သောအလုပ် မဂ်ဖိုလ်နိဗ္ဗာန် အကျင့်မျိုးကို တခုမှ ကျင့်နိုင်မှာမဟုတ်ဘူး။ ဘုရားပွင့်လာလို့မို့ အချို့ မဂ်ဖိုလ်နိဗ္ဗာန်တွေ့ရကြလို့ အိုနာသေရေး ဒုက္ခဘေးမှလွတ်ကြတာဖြစ်တော့ မြတ်စွာဘုရားအတွက် အကုန်လုံးအကျိုးတွေရတယ်သို့ ဆိုရမယ်တဲ့၊ ဒီတော့ မြတ်စွာဘုရားတည်းဟူသော ကလျာဏမိတ္တကောင်းလိုက်တာ။

ခု ဘုန်းကြီးတရားဟောတယ်၊ စိတ်ပါလက်ပါဟောတယ်၊ အားရပါးရ ဟောတယ်၊ စေတနာနဲ့ ဟောတယ်၊ ရိုးသားဖြောင့်မတ်ရမယ်လို့ ကိုယ့်ကိုယ်ကို ဟောယင်းဟောယင်း ဆိုးမသွားတယ်။ အဲဒါတွေ ဘယ်သူ့ကြောင့်လဲ၊ ဘုရားကြောင့်၊

(ဒုတိယအကြိမ်)

ဘုရားကြောင့်။ ဘုရားရှင် ကိုယ်တော်မြတ် တည်းဟူသော ကလျာဏမိတ္တကို တိုက်ရိုက် မဖူးလိုက်ရပေမယ်လို့ ဘုရားရှင်ရဲ့ တရားတော်တွေနဲ့တကွ ဆက်သွယ်ပြီးတော့ သိရလို့၊ အဲဒီ ကလျာဏမိတ္တကြောင့်ပဲ။ ဘယ်လောက်များ ဘုန်းကြီးတို့ခေတ်ခံ တက်သွားသလဲ၊ ယခု ရဟန်းတကာ ရဟန်းအမတွေရဲ့ ခေတ်ခံ ဘယ်လောက်တက်သွားသလဲ၊ အဲအခု မိမိတို့ဆိုင်ရာမှာ ကုသိုလ် ကောင်းမှုတွေ ပြုပြီးတော့နေကြတဲ့ တကာ တကာမတွေမှာ မြတ်စွာဘုရား တည်းဟူသော ကလျာဏမိတ္တ သူတော်ကောင်း ကြီးနဲ့တွေ့လို့ သူတော်ကောင်းကြီးရဲ့ဩဝါဒ တဆင့်ကြားလိုက်ရ လို့မို့ သူတော်ကောင်းကြီးရဲ့ တရားတွေသိရလို့မို့ ဘယ်လောက် များ မိမိတို့ခေတ်ခံ တက်သွားသလဲ။ ဒါကြောင့် ကလျာဏမိတ္တ အတွက် သူတော်ကောင်းတရား ခေတ်ခံတက်တယ်ဆိုတဲ့ ဥစ္စာ ဟာ တဝက်မကပါဘူး၊ အကုန်လုံးတက်တယ်လို့ ဆိုရမယ်တဲ့။

ကလျာဏမိတ္တော၊ မိကောင်း ဖကောင်း ဆရာကောင်းနှင့်—

အဲဒီကလဲလေ အမိမကောင်း အဖမကောင်း ဆရာမကောင်း နဲ့သူတွေ တိုးတက်ရမဲ့ဥစ္စာ မတိုးတက်ပဲနဲ့ အောက်ကျပြီးတော့ ခေတ်ပျက်တွေတွေတာထောက်လို့ရှိယင် မိကောင်းဖကောင်းနဲ့ တွေ့ရတာ တယ်ဝမ်းမြောက်စရာ ကောင်းတယ်။ ဆရာကောင်း သမားကောင်းနဲ့ တွေ့ရတာ တယ်ဝမ်းသာစရာကောင်းတယ်။ ကျေးဇူးတင်စရာ ကောင်းတယ်။

ကလျာဏမိတ္တော၊ မိကောင်းဖကောင်း ဆရာကောင်းနှင့် ဖော်ပေါင်းအတိ မိတ်ကောင်းရှိသည်။ ဟုတ္ထာ၊ ဖြစ်၍။ ဒုက္ခာ၊

(ဒုတိယအကြိမ်)

မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပုံထောက်မဲ့မှု ဆင်းရဲသူ၏။ ကိစ္စ၊ စားသောက်နေရေး ဆေးဝါး ပေးလျက် လုပ်ကျွေး သမှု ကိစ္စစုကို။ သက္ကစ္စ ကရောတိ ကိုယ်ချင်းစာနာ သနားညှာ လျက် များစွာပုံသေ ပြုစုတတ်ပေ၏။

**ဘုန်းကြီးအလေ့အထ** ဘုန်းကြီးကလေ ဒါ စပ်ပြီးတော့ အလေ့ အထလဲရှိတယ်၊ ဝါသနာ ခတ်ခံပါလာတာကိုလဲ ဘုန်းကြီး ကိုယ့်ကိုယ်ကိုအားရတယ်။ တခါတုန်းက ဘုန်းကြီးက ခပ်ငယ်ငယ်ဦးပဉ္စင်းဘဝ၊ဟိုမြောက် ဂန္ဓာရုံကတောင်ဘက် သီလရင်ကျောင်းတွေဆီ ဆွမ်းစားသွား မယ်လို့ သက်နိုးကလေးရုံပြီးတော့ မှုန်မှုန်မွားမွား အရုဏ်တက် သာသာ မလင်းတလင်းကလေးလာ။တကာမကြီးတယောက်က ဟို-မိုးဇာဈေးတို့ ဘာတို့ သွားရောင်းမယ်လို့နဲ့ တုပါရဲ့၊ ဈေး တောင်းကြီးကို ကြမ်းပြင်ကလေးပေါ်ချလို့ သူကမရွက်နိုင်ဘူး၊ မမနိုင်ဘူး၊ ခေါင်းပေါ်ရောက်အောင် မမနိုင်ဘူး၊ ဟိုကြည့် ဒီကြည့် ကြည့်နေတယ်၊ သူ့ပင့်ပေးမယ့်သူကို၊ ဘုန်းကြီးက နဲနဲ ရိပ်မိတယ်၊ တကာမကြီးတော့ ဈေးတောင်း ပင့်ပေးမဲ့သူမရှိလို့ ကြည့်နေတာပဲ၊ငါအနားရောက်သည့်တိုင်အောင်ဈေးတောင်း ပင့်ပေးမဲ့သူမရှိယင်တော့ ငါတော့သွားပြီးပင့်ပေးမှပဲလို့စိတ်က ဒီလို အောက်မေ့ပြီးတော့ ခပ်သုတ်သုတ်ကလေး ခပ်ဝေးဝေး ကပဲ လာခဲ့တယ်။ ဖိုးသူတော်လေးတယောက်က ရှေ့ကသွား၊ ဦးသူတော်ခဏလာစမ်းပါဆိုတာဖိုးသူတော်ကမကြားလို့လား၊ မပင့်ချင်လို့လား မသိဘူး။သူကလဲ လွန်သွားတယ်။ ဘုန်းကြီးက

သာပင့်ပေးချင်သေးတယ်။ နောက်တော့ ကံအားလျော်စွာ လူတယောက်က လာလို့ လူတယောက်က ပင့်ပေးသွားတယ်။အဲ- ပင့်ပေးမယ်လို့လုပ်တုန်း သူ့ဆီအနားရောက်လို့ သူ့ဆီ ရှေးရှူသွားတာမြင်တော့ အရှင်ဘုရား၊ ရပြီရပြီရပြီနဲ့သူကလဲဝမ်းသာအားရ လက်ခံတာနဲ့တူပါရဲ့၊ ပြောသွားတယ်။ စိတ်ထဲက ဒုက္ခရောက်တဲ့သူကို ကူညီရတာ မီးရထားမှာ၊ သင်္ဘောမှာ၊လမ်းမှာ သိပ်ကောင်းတာပဲကိုး၊အဲသလိုစိတ်ထဲကလေ သတိရရနေတယ်။

ဒုက္ခိတသာ၊မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပံ့ထောက်မှုမဆင်းရဲသူ၏။ ကိစ္စ၊ စားသောက်နေရေး ဆေးဝါးပေးလျက် လုပ်ကျွေးသမှု ကိစ္စစုကို။ သက္ကစ္စံ ကရောတိ၊ ကိုယ်ချင်းစာနာ သနားညာလျက် များစွာပုံသေ ပြုစုတတ်ပေ၏။

**ကျေးဇူးသိသော ဆရာတော်ကြီးတွေ**

ဒါအလေ့အထ ရစေမယ်။ ဘုန်းကြီးတို့ ခုကိစ္စလေးတခုပဲစဉ်းစားကြည့်စမ်း၊တကန့် တကန့် တကန့်ဟာ တယ်သတိထားစရာ ကောင်းတယ်။ဆရာဝန်ကဆရာတော်ကြီးတွေသွားပြီးပင့်တော့ အချို့ဆရာတော်ကြီးများ ဆရာဝန်က ဆေးကုထား၊ အသက်တော်အရွယ်တော်ကကြီးလှပြီ၊ရှစ်ဆယ်တို့ဘာတို့ရောက်နေပြီ။ တယ်တောင်မှ ဟိုနားဒီနားမသွားချင်ဘူး။ဆရာဝန်ကသွားပင့် တယ်ဆိုယင်ပဲ ဟာ-လိုက်ရတာပေါ့။ အောင်မယ် နို့ပေမယ်လို့ တော်တော် အထအကြွ လေးတယ်။ ဟာ- လိုက်ရတာပေါ့၊ အဲဒါ မလိုက်ဘူးဆိုတဲ့စကားကိုမပြောရက်နိုင်ဘူး၊ ဟာ-လိုက်ရ

တာပေါ့၊ဒီကသာ ဆရာဝန်ကသာ အလိုက်သိစွာနဲ့၊ ဟာ-ဆရာတော် ဘုရားတော့ ကိုယ်စားသာ ထည့်ပါဘုရား၊ ကျေနပ်ပါတယ်ဘုရားနဲ့ လျှောက်လို့သာ၊ ဟိုကဖြင့် လိုက်မယ် တကဲကဲပဲ၊ တော်တော် တန်တန် မလိုက်ချင်ဘူး ဘာဘူးဆိုတဲ့ ဆရာတော်ကြီးတွေ တကတဲ လိုက်မယ်တကဲကဲနဲ့၊ ဘယ်လောက်များ ကျေးဇူး သိနေကြတုံး၊ ကျေးဇူးဟာ ဘယ်လောက် တန်ဖိုးရှိသလဲဆိုတဲ့ဥစ္စာ သူတော်ကောင်းတွေနယ်ကျတော့ ငါဟာ အင်မတန် တန်ဖိုးထားကြတယ်။နောက် ကျေးဇူးသိလို့လေ၊ ဟော-နက်ဖန်ခါဆို တကဲ့ဆရာတော်ကြီးတွေ လိုက်မယ်။ တချို့ တကတဲ ဘယ်အချိန်ကျ လာခဲ့မယ်နဲ့၊ လောကကြီးဟာလေ သူတော်ကောင်းနယ်ထဲမှာဆိုသို့ရှိယင် မေတ္တာရော ကရုဏာရော မုဒိတာရော ဗြဟ္မစိုရ်တရားတွေဟာလေ အပြည့်လွှယ်လွှယ်ကူကူ ရကြတယ်။

တထာဝိမံ၊ သို့ကလို ဂုဏ်အင် စုံလင်ပေသည့် ပညာရှိ အပေါင်း သူတော်ကောင်းကို။သပ္ပုရိသံ၊ ဘဝနောက်နောင်း ကောင်းထက်ကောင်းမည့် လမ်းကြောင်းတီထွင် သူတော်စင် ဟူ၍။

နောက်လာမဲ့ဘဝမှာဖြစ်ရအုံးမှာ၊ ဒါလေးများ ပေါ့ပေါ့ ဆဆနဲ့ မေ့မေ့လျော့လျော့နဲ့ ဘာလို့နေချင် ဘာလို့နေတတ်ကြ သလဲ။ ခုဘဝလဲ ငါပဲ၊ ဟိုဘက်နောက်လာမဲ့ဘဝလဲ ငါပဲ၊ ပရိနိဗ္ဗာန်စံရမဲ့ဘဝလဲ ငါပဲ၊ ပရိနိဗ္ဗာန်စံရတော့မှ ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းပြီးတော့ ငါပျောက်သွားတယ်။

(ဒုတိယအကြိမ်)

သပ္ပုရိသံ၊ဘဝနှောက်နှောင်း ကောင်းထက်ကောင်းမည့် လမ်းကြောင်းတီထွင် သူတော်စင်ဟူ၍။ ဝဒန္တိ၊ ဘုရားစသား ပုဂ္ဂိုလ်များက လေးစားကြည်ဖြူ ချီးမွမ်းတော်မူကြကုန်၏။

**သူတော်ကောင်းစစ် ဖြစ်အောင်ကြိုးစား** ဒါ့ကြောင့် သူတော်ကောင်းဟာ ယခု ဒီမှာလာတဲ့ တရားနာလာတဲ့ သူတွေက တော့ သူတော်ကောင်းချည်းပဲ ဆိုကြပါစို့ရဲ့။အဲဒီသူတော်ကောင်းအဆင့်မှာသာတစ်နံပါတ်အဆင့်ထဲမှာလား၊ နှစ်နံပါတ်အဆင့်ထဲမှာလား၊ဘယ်နေရာကျတော့ ငါ နဲနဲလေး တွန့်သေးတယ်။ အဲသလို စသည်အားဖြင့်ရွေးချယ်ပြီး တော့ ငါတော့ တစ်နံပါတ်သူတော်ကောင်းအစစ်ဖြစ်ပြီးတော့ ဘုရားချီးမွမ်းတဲ့ သူတော်ကောင်းအဖြစ်စစ်စစ်နဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ကပ်ပြီးတော့ နေတဲ့ဓာတ်တွေ ပါသွားအောင်ကြိုးစားမယ်လို့ အဲသလို ဘုန်းကြီးက ဖြစ်စေချင်တယ်။

ယောမီရော၊ နဂိုမူလ ဓာတ်ခံရသဖြင့် ဘဝနှောက်နှောင်း ကောင်းထက်ကောင်းဖို့ လမ်းကြောင်းတီထွင် အကြင်ပညာရှင်သည်။ ဝေ၊ စင်စစ်ကေန် အမှန်စိတ်ထား ရိုးဖြောင့်သောအားဖြင့်။ ဏတညူ၊ သူတပါးတို့ ပြုထားအပ်ဘူး မြတ်ကျေးဇူးကို အထူးရှိသရွေ့သိလေ့ရှိသည်လည်းကောင်း။ကတဝေဒီ၊သူများ ပြုအပ် ကျေးဇူးရပ်ကို တတ်သရွေ့ မှတ်သရွေ့ ဆပ်လေ့ရှိသည် လည်းကောင်း။ဟုတ္ဝာ၊ ဖြစ်၍။ ကလျာဏမိတ္တော၊ မိကောင်း

ဖကောင်း ဆရာကောင်းနှင့် ဖော်ပေါင်းအတိ စိတ်ကောင်း ရှိသည်လည်းကောင်း။ ဒဋ္ဌဘတ္တိ၊ ထိုမိတ်ကောင်းလဲ အသဲစွဲမျှ အမြဲမပြတ် ဆည်းကပ်လေ့ရှိသည်လည်းကောင်း။ ဟောတိ၊ ဖြစ်၏။ ဒုက္ခသ၊ မိမိမျက်မှောက် ဒုက္ခရောက်သဖြင့် ပံ့ထောက် မဲ့မှုဆင်းရဲသူ၏။ ကိစ္စံ၊ စားသောက်နေရေး ဆေးဝါးပေးလျက် လုပ်ကျွေးသမှု ကိစ္စစုကို။ သက္ကစ္စံ ကရောတိ၊ ကိုယ်ချင်းစာနာ သနားညှာလျက် များစွာပံ့သေ ပြုစုတတ်ပေ၏။ တထာဝိဓံ၊ သို့ကလိုဂုဏ်အင် စုံလင်ပေသည့် ပညာရှိအပေါင်း သူတော် ကောင်းကို။ သပ္ပုရိသံ၊ မြင့်ထက်မြင့်သည့်အကျင့်လွန်ကောင်း သူတော်ကောင်းဟူ၍။ ဝဒန္တိ၊ ဘုရားစသား ပုဂ္ဂိုလ်များက လေးစားကြည်ဖြူ ချီးမွမ်းတော်မူကြလေသတည်း။

ဘာဂုဏ်တွေတုံး၊ သူများကျေးဇူးကို သိတယ်၊ သူများ ကျေးဇူးကို စွမ်းနိုင်လို့ရှိယင် ဆပ်တယ်၊ ဆရာကောင်း, သမား ကောင်း, မိတ်ကောင်း, ဆွေကောင်း, မိကောင်း, ဖကောင်း ရှိတယ်။ အဲဒီ အကောင်းတွေကိုလဲ လေးလေးနက်နက် ဆည်း ကပ်တယ်၊ ဆင်းရဲတဲ့သူ ကိုယ့်မျက်မှောက် တွေ့လာလို့ရှိယင် ကိုယ်ကစွမ်းနိုင်သလောက် အကူအညီပေးတယ်၊ ဟောဒီ ဂုဏ် အင်္ဂါ ၅-ပါးပဲ။

တထာဝိဓံ၊ သို့ကလိုဂုဏ်အင်စုံလင်ပေသည့်ပညာရှိအပေါင်း သူတော်ကောင်းကို။ သပ္ပုရိသံ၊ ဘဝနှောက်နှောင်း ကောင်း ထက်ကောင်းမည့် လမ်းကြောင်းတီထွင် သူတော်စင်ဟူ၍။

(ဒုတိယအကြိမ်)

**ဘုန်းကြီးငယ်ငယ်က စဉ်းစားခဲ့ပုံ**

ဟိုဘုန်းကြီးခပ်ငယ်ငယ်တုန်းကစဉ်းစားတာ တခုရှိတယ်။ ဒီဘုန်းကြီးဘဝနဲ့ လူဘဝကို ဟိုနည်းနဲ့စဉ်းစား၊ ဒီနည်းနဲ့စဉ်းစား၊ အဲဒီလို စဉ်းစားတဲ့အထဲက တနည်းစဉ်းစားတာ မကြာခင်ကမှ ပေါ်လာတယ်။ ဟို ရှေးတုန်းက ဒီပြင်နည်းနဲ့စဉ်းစားတာတွေသာ ပေါ်တယ်၊ ဟိုတနည်းစဉ်းစားတာက သိပ်မကြာခင်တုန်းကမှ ပေါ်လာတယ်။ဘာစဉ်းစားခဲ့မိသလဲဆိုတော့ ငါဟာ သာသနာတော်မှာ နေရကောင်းမလား၊ လူ့ဘောင်မှာ နေရကောင်းမလား၊ ဘယ်လိုအနေနဲ့ နေမလဲလို့ စဉ်းစားတုန်းက ဘာတခု ပေါ်လာတုံးဆိုတော့ အဖြေကလေ ကုသိုလ်များများရတဲ့ဘဝကို ငါနေမယ်။

ဆိုပါတော့အကယ်၍များသဌေးကြီးဖြစ်ပြီးတော့၊ သို့မဟုတ် ရှင်ဘုရင်ကြီးတွေ ဘာတွေဖြစ်ပြီးတော့ လှူနိုင်တယ် ပေးနိုင်တယ် ကမ်းနိုင်တယ် စောင့်ရှောက်နိုင်တယ်ဆိုယင် လူ့ဘောင်နေမယ်၊ ဟာ ဒီလိုမှမဟုတ်ဘူး၊ ရဟန်းဘဝနေမှ ပေးကမ်းနိုင်တယ်၊ ပို့ချနိုင်တယ်၊ ဟောပြောနိုင်တယ်၊ ကုသိုလ်တွေအများကြီး ရမယ်ဆိုယင် ရဟန်းဘဝနေမယ်။ အဲသလို ကုသိုလ်မရဘူးဆိုယင် နှစ်ဘဝစလုံးငါမကြိုက်ဘူး၊ ကုသိုလ်ကိုရတဲ့ ဘဝဟာ ငါနေဖို့ဘဝပါပဲလို့ အဲဒီတုန်းကအကယ်၍များပေါ့လေ ပေးလှူကမ်းလို့မကုန်နိုင်လောက်အောင် ပေါ်နေတယ်ဆိုလို့ရှိယင် မကုန်နိုင်ဆိုတာ နဂိုက မကုန်နိုင်ဘူး မဟုတ်ပေမယ်လို့ မိမိရဲ့အလုပ်အကိုင်နဲ့ မကုန်နိုင်လောက်အောင်ကို ပေါ်တယ် ဆိုလို့ရှိယင် မှန်မှန်နေ့တိုင်းပေးပြီးတော့ ပျော်ပျော်ကြီး အဲဒီလိုပဲနေမှာပဲ။

(ဒုတိယအကြိမ်)

အဲဒီလို မဟုတ်လို့ရှိယင်လဲပဲ ယခုဘဝမျိုးနဲ့ဟာ ပေးကမ်းလို့ ပို့ချလို့ ဟောပြောလို့ ရေးသားလို့ ဒီလို နေရာရလို့ရှိယင်လဲ ဘုန်းကြီး တော်တော် ငယ်ငယ်ကလေးတဲက တော်တော်လေး ကုသိုလ်များများရတဲ့ဘဝကို နေမယ်လို့ ဘုန်းကြီးဆုံးဖြတ်ချက် ချတာ တချိန်ရှိခဲ့ဘူးတယ်။ အဲဒါ မေ့နေတဲ့ဥစ္စာ၊ မကြာခင်ကမှ ပြန်ပေါ်လာလို့ ဒါလဲ ငါ့ စဉ်းစားချက်ဟာ ပြန်ပြီးတော့ စဉ်းစားရမှာပဲလို့ အဲသလိုသဘောရတယ်။ ဒါ့ကြောင့် အားလုံး ပုဂ္ဂိုလ်တွေလေ၊ ဟော-ယခုလူတွေ လူဘက်ကနေပြီး သကာလ လူကုသိုလ်တွေအများကြီးပြုကြ၊ ဒကာဘက်ကနေပြီးသကာလ ဒကာကုသိုလ်တွေ အများကြီးပြုကြ၊ သာသနာကို အများကြီး ပြုကြ၊ မရှိဆင်းရဲတဲ့ သူတွေကို၊ ကိုယ့်အောက်က လူတွေကို ညှာကြ။ ဒီလိုဆိုယင် ဘဝ နောက်နှောင်းမှာ ကောင်းထက် ကောင်းဖို့ရန် တိထွင်တာပေါ့လို့—

တထာဝိမံ၊ သို့ကလိုဂုဏ်အင်စုံလင်ပေသည့်ပညာရှိအပေါင်း သူတော်ကောင်းကို။ သပ္ပုရိသံ၊ ဘဝနောက်နှောင်း ကောင်းထက် ကောင်းမည့် လမ်းကြောင်းတီထွင် သူတော်စင်ဟူ၍။ ဝဒန္တိ၊ ဘုရားစသား ပုဂ္ဂိုလ်များက လေးစားကြည်ဖြူ ချီးမွမ်းတော်မူလေတတည်း။

**လက်လှမ်းမှီလျက်သားနဲ့ မလိုက်မရှိရ**

ဒီတော့ တရားဆိုတဲ့ဥစ္စာလေ ဘုန်းကြီးက ကိုယ်လက်လှမ်းမှီတဲ့ တရားဟောပေးယင် လိုက်တာကိုသဘောကျတယ်၊ နာပြီးတော့ ကိုယ်လက်လှမ်းမှီရက်သားနဲ့ မလိုက်

ဘူးဆိုယင် ဒီသူတော်ကောင်းလက္ခဏာ အလိုလိုချွတ်ယွင်းသွား တယ်။ ဒီကိုယ့်ကိုယ်တိုင်က မလိုက်ကိုမလိုက်နိုင်အောင် မြင့်နေ တဲ့ တရားမို့ မလိုက်ဘူးဆိုယင်တော့ ဒါကတော့ အပြစ်မပြော သာပါဘူး။ ယခုဘုန်းကြီး ပြောတဲ့တရားက လိုက်နိုင်တဲ့တရား အဲဒီ ကိုယ်နိုင်တဲ့တရားကို ပြောပါလျက်နဲ့ မလိုက်ဘူးဆိုလို့ရှိယင် ဒီအင်္ဂါနဲ့ ချွတ်ယွင်းသွားပြီး အလိုလို ကိုယ့်ကိုယ်ကို အထင်သေး စရာ ဖြစ်ပြီးတော့ သေခါနီးကျတော့ အင်မတန် ကြောက် ကြောက်လန့်လန့် ဖြစ်ပါလိမ့်မယ်။ မိမိ လိုက်နိုင်လောက်တဲ့ တရားကို ဟောတဲ့ဥစ္စာကို နေ့ရာတိုင်းမှာ သူ့အဆင့်အတန်းနဲ့ ကြည့်ပြီးတော့ လိုက်လိုက် လိုက်လိုက်သွားတယ် ဆိုလို့ရှိယင် ငါဟာ သူတော်ကောင်းပဲ၊ ဟိုဘဝမှာ ဒီထက်မြင့်မှာပဲလို့ အဲသလို စိတ်ထဲက ဆုံးဖြတ်ချက် ချနိုင်တာဖြစ်တော့ သေရ မှာလဲ မကြောက်ပါဘူး။

**နိဂုံးချုပ် တိုက်တွန်းချက်**

အဲဒါကြောင့် မိမိတို့ တဘဝ သံသရာမှာ နိဗ္ဗာန်မျက်မှောက် မပြုနိုင်သရွေ့သွားရအုံးမှာ ဖြစ်တော့ ယခုနှယ်ဟာ သူတော်ကောင်းစစ်စစ် ဖြစ်အောင်ဟာလေ ဒါနကို ပြုတော့လဲ ရိုးရိုးသားသားဖြောင့် ဖြောင့်မတ်မတ် ပြုကြ၊ ငါးပါးသီလကစပြီးတော့ သီလကိုလဲ စွမ်းနိုင်သမျှ ထိန်းကြ သိမ်းကြ။ ယခုခေတ်ဟာ ဘာဝနာကိုလဲ အားလုံးဟောပြောပြီးတော့ ဆုံးမနေကြတဲ့ ခေတ်ဖြစ်တော့ ဘာဝနာလဲပဲမကြာခဏသတိရလို့။ ဟုတ်ဘယ်၊ ဒီခန္ဓာကိုယ်ကြီး ဟာ မမြဲဘူးနော်၊ တဖြေးဖြေးအိုလာပြီ၊ ဒီခန္ဓာကိုယ်ကြီး အို

လာတာဟာ ဘာလို့အိုသလဲ၊ အိုတာဟာ သေဖို့ရာ အိုတာပဲ၊ တဖြေးဖြေး သေမှာပဲ၊ အနိစ္စခန္ဓာကိုယ်ကြီး၊ ဒီခန္ဓာကိုယ်ကြီးဟာ ငါက မအိုချင်ပဲနဲ့ အိုနေတဲ့ အစိုးမရတဲ့ အနှစ်သာရမရှိတဲ့ ခန္ဓာကိုယ်ကြီး၊ ဒီခန္ဓာကိုယ်ကြီးဟာ ငါက မသေချင်ပဲသေရအုံးမဲ့ ငါ့အလိုမလိုက်နိုင်တဲ့ အနှစ်သာရမရှိတဲ့ အနတ္တခန္ဓာကိုယ်ကြီး၊ အဲသာလို စိတ်ထဲက တွေးပြီးတော့ ဒီခန္ဓာကိုယ်ထဲက အဆီအနှစ်ဖြစ်တဲ့ ပါရမီတွေကို ငါထုတ်ယူလိုက်မယ်၊ ဒီခန္ဓာကိုယ်ထဲကအဆီအနှစ်ဖြစ်တဲ့ ဝိပဿနာဉာဏ်တွေကို ငါထုတ်ယူလိုက်မယ်၊ ဒီခန္ဓာကိုယ်ထဲက ဘဝသံသရာမှာ အဆုံးသတ်မဲ့ မဂ်ဖိုလ် နိဗ္ဗာန်ရောက်ကြောင်း အကောင်းဆုံးဖြစ်တဲ့ပါရမီကုသိုလ်တွေကို ငါရအောင် ကြိုးစားလိုက်မယ်၊ အနှစ်သာရမရှိတဲ့ ခန္ဓာကိုယ်ထဲက အနှစ်သာရရှိတဲ့ ပါရမီကုသိုလ်တွေကို ငါထုတ်ယူလိုက်မယ်၊ ငါ့ရှိတဲ့ဥစ္စာတွေကဘယ်လိုပဲ ငါကသိမ်းသိမ်းတဖြေးဖြေး ကုန်ခန်းရမဲ့ ဥစ္စာတွေပဲ၊ အနှစ်သာရမရှိတဲ့ ဥစ္စာတွေထဲက အနှစ်သာရရှိတဲ့ ပါရမီကုသိုလ်တွေ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားတွေကို ငါထုတ်ယူသောအားဖြင့် ငါ လှူလိုက်မယ်၊ တန်းလိုက်မယ်၊ ပေးလိုက်မယ်၊ ကမ်းလိုက်မယ်၊ မရှိဆင်းရဲတဲ့သူတွေကို ညှာတာလိုက်မယ်၊ စောင့်ရှောက်လိုက်မယ်၊ ငါ အနှစ်သာရဖြစ်တဲ့ ပါရမီတရားတွေကို အနှစ်သာရ မရှိတဲ့ဥစ္စာထဲက ထုတ်ယူလိုက်မယ်။ ဟောတယ်စိတ်ထဲကလေ သူတော်ကောင်းလက္ခဏာနဲ့ညီညီ စဉ်းစားမယ်ဆိုလို့ရှိယင် ကောင်းတဲ့ ဝိပဿနာတရားတွေဟာ ရနေပြီးအမြဲမရှိပဲ ဒီခန္ဓာကိုယ်ထဲက မြဲတဲ့နိဗ္ဗာန်ကို ငါမြန်မြန်ရအောင်

ထုတ်ယူလိုက်မယ်၊ အမြဲမရှိတဲ့ ဒီခန္ဓာကိုယ်ထဲက မြဲတဲ့ နိဗ္ဗာန်ကို
မြန်မြန်ရအောင် ငါထုတ်ယူလိုက်မယ်၊ ယခု ပြောယင်းဆိုယင်း
စဉ်းစားယင်းပဲ တအိုတဲ အိုနေတဲ့ သေဖို့ရန်ရှေးရှုနေတဲ့
ဒီခန္ဓာကိုယ်ထဲက သုခအစစ်ဖြစ်တဲ့ နိဗ္ဗာန်ကို မြန်မြန်ရရာ
ရကြောင်း ကောင်းမှုပါရမီကို ထုတ်ယူလိုက်မယ်၊ အနှစ်
သာရမရှိတဲ့ ယခု ငါက မအိုချင်ပဲနဲ့ သူကအိုနေတဲ့အတွက်
ငါ့အလိုမလိုက်တဲ့ မအိုသင့်ပဲနဲ့ အိုနေသည့်အတွက်ကြောင့်
မခိုင်မြဲတဲ့ အနတ္တဖြစ်နေတဲ့အထဲက အနှစ်သာရမရှိတဲ့ ငါ့အလို
မလိုက်ပါနိုင်တဲ့ ဤခန္ဓာကိုယ်ထဲက အနှစ်သာရဖြစ်တဲ့ ပါရမီ
ကောင်းမှု ကုသိုလ်တွေကို ထုတ်ယူလိုက်မယ်လို့ အဲသလို
သူတော်ကောင်းပီပီ ဝိပဿနာဉာဏ်နဲ့လေ အနိစ္စ ဒုက္ခ အနတ္တာ
ဒီခန္ဓာကိုယ်ကြီးကို တင်ပြီးသကာလ ဝိပဿနာကောင်းမှုများ
ကြိုးစားပြီးတော့ သူတော်ကောင်းစစ်စစ်ကို အခြေခံပြီး
သကာလ ဘဝနောက်နှောင်း ကောင်းထက်ကောင်းပြီး
သကာလ အဆုံးသတ်ရုပ်နာမ်ကို မိမိမျက်မှောက် ပြုနိုင်
အောင်၊ နိဗ္ဗာန်မျက်မှောက်ပြုနိုင်အောင်၊ ယခုနှယ်က ထိပ်
တန်း သူတော်ကောင်းဖြစ်အောင် ကိုယ်စီကိုယ်ငှ ကြိုးစား
နိုင်ကြစေကုန်သတည်း။

# နံနက်ခင်း ဩဝါဒများ

ဘုန်းကြီးက ဒကာ ဒကာမတွေကိုလဲ ငဲ့ပါတယ်။ ဒါပေမယ့် ဘုန်းကြီးရဲ့ ကျန်းမာရေးက အရေးကြီးတယ်။ ဒါကြောင့် ဘယ်ကပင့်ပင့် အရေးမကြီးဘူးဆိုယင် မလိုက်ပါဘူး။ ပင့်တိုင်း လျှောက်လိုက်နေမယ်ဆိုယင် ဘုန်းကြီး ကျမ်းစာအုပ်တွေလဲ ပြီးမှာမဟုတ်ဘူး။ ဒါကြောင့် တချို့ပင့်တဲ့ ဒကာဒကာမတွေကို သည်းခံကြပါလို့ ပြောလိုက်ရတယ်။ ဘုန်းကြီးကျမ်းစာတွေက အရေးကြီးတယ်၊ မသေခင် ပြီးနိုင်သမျှပြီးအောင် ရေးသွားရမယ်။

ကိုရင်တို့ ဦးပဉ္စင်းတို့၊ ကောင်းကောင်းနေကြပါ။ နောက် ရဟန်းသစ်ကလေးတွေက ကြိုးစားကြ၊ လောကဂုဏ်တွေဆိုတာ နောက်ဘဝ မပါဘူး၊ နာမည်ကြီးတယ်ဆိုတာလဲ ဒီဘဝသာ နာမည်ကြီးတာ၊ နာမည်တွေ ကြီးနေပေမယ့် အိုနာတွေကတော့ နှိပ်စက်နေတာပဲ။

ခု ဘုန်းကြီးကိုယ်တော်လေးတွေကို မျက်မှန်မပါပဲကြည့်ယင် သေးသေးလေးတွေလို့ ထင်ရတယ်။ မျက်မှန်တပ်ကြည့်မှ ဝမှန်း သိရတယ်။ ကိုရင်တို့ အလုပ်လုပ်ကြ၊ ရောဂါလဲ မရကြစေနဲ့။ တလောဆီက ဘုန်းကြီးဆရာတပါးက သူ့ကိုယ်

(ဒုတိယအကြိမ်)

သူ ပုံ့တော်မူမှာဆိုပြီး သူ့ရဲ့ ကျောင်းတိုက်တွေကိုတပည့်သုံးပါး အား စာချုပ်နဲ့ အပ်ထားကြောင်းပြောတယ်။ ဘုန်းကြီးက မလိုချင်ပါဘူး၊ ကျောင်းလဲ မရှားပါဘူး၊ အလုပ် လုပ်ဖို့သာ လိုယင်းပါ။

အရေးကြီးတာက စာချကိုယ်တော်တွေ များများထွက်ဖို့ အရေးကြီးတယ်။ စာချ ကိုယ်တော်တွေ များများ ထွက်မှ သာသနာတော်ကြီးက သက်တမ်းရှည်မယ်။ တခြားမှာ နာမည် ကြီးနေတာနဲ့ ဒီ ကျောင်းတိုက်နဲ့ မတူပါဘူး။ ဒီ နေရာက အလုပ်ကို မှန်မှန်လုပ်နေတယ်။ ဘုန်းကြီးရဲ့ မျှော်လင့်ချက်က သာသနာပြုဖို့ပါပဲ၊ဒကာဒကာမတွေပေါဖို့မလိုပါဘူး၊ကိုရင်တို့ ဦးပဉ္စင်းတို့ဘုန်းကြီးစကားကိုကောင်းကောင်းနားထောင်ကြ။

ဘုန်းကြီးက ဆရာအမျိုးမျိုးနဲ့ နေခဲ့ရတာပါ၊ ဘုန်းကြီးမှာ အများထက် ပင်ပန်းပါတယ်။ဒါပေမယ့်လဲ ဘုရားတရားတော် အတိုင်းနေပြီး အလုပ် လုပ်နေတော့ ချမ်းသာနေတာပါပဲ။ ကိုယ်တော်တို့က ဘုန်းကြီးရှေ့တမျိုး ကွယ်ရာတမျိုးမလုပ်ကြနဲ့၊ မျက်စိကြည့်တာက သူတော်ကောင်းက တမျိုး၊ သူယုတ်မာက တမျိုးကြည့်တာ၊ ဣန္ဒြေရှိရှိ နေကြပါ။

ဘုန်းကြီးရဲ့မျှော်လင့်ချက်တွေကို လူတိုင်း သိပ်မသိကြဘူး။ ဘုန်းကြီးရဲ့ ကုသိုလ်ကံက နောက်ပိုင်းမှာ အကျိုးပေးနေတယ်။ နိုင်ငံရော သာသနာပါ ပြင်ချင်တယ်။ ယီးတီးယောင်တောင် မနေကြနဲ့။ ဘုန်းကြီးက အားလုံးကို ကောင်းစေချင်တယ်။ မင်းတို့က တောသားလေးတွေ၊ ဒီလိုနဲ့မွေးလာကြတာ၊ တော

မှာဆိုယင် ခေါင်းအုံးကလဲ ဆီချေးတွေနဲ့၊ အမှိုက်လဲမလှည်းပဲ အိပ်နေကြတာ၊ သနားတော့ သနားစရာနော်။

တောက ဘုန်းကြီးတွေက ကိုယ့်ဆွေမျိုးတဲ့၊ ကျောင်းဒကာ ကျောင်းအမတဲ့ဆိုပြီး မျက်နှာသာပေးချင်ကြတယ်။ မကောင်းဘူး၊ သူကိုယ်တိုင်ကလည်း အရည်အချင်းက မရှိပဲကို။ မင်းပိုင်းစိုးပိုင်းက လာယင် သာပြီး မျက်နှာသာ ပေးချင်ကြတယ်။ လူတယောက်ဆိုယင် ကိုယ်က အထက်တန်းကို ရောက်လေလေ သူများကို သိလေလေပါပဲ။ ဘုန်းကြီးက ဒကာ ဒကာမတွေ ပင့်ယင်မလိုက်တော့ဘူး၊ တရားမဟောတော့ဘူးလို့ နေတာ။ တခါတခါ လာပင့်တော့လဲ မလိုက်မဖြစ်တဲ့ဟာတွေကျ လိုက်ရသေးတယ်။ "သူ့ဆန်စား ရဲမှ" ဆိုတာလိုပေါ့။ ဆွမ်းစားယင် ဟောဖို့သာ ပါးစပ်ပြင်ပေတော့၊ အိမ်ကျတော့ ခိုင်းကြတော့တာပဲ၊ လောကကြီးမှာ ကိုယ့်ဘက်ကိုယ် ကြည့်ကြတာပါ။

ရှေးက သူတော်ကောင်းတွေက ဘုရားမဖူးမြော်ရခင် ဇေတဝန်ကျောင်းတိုက်ကို မြင်ရယင်ပဲ ကြက်သီးတွေထလို့၊ တိတ်တိတ်ဆိတ်ဆိတ်နဲ့ ဘုရားဖူးမြော်ကြလို့၊ ခု လူတွေကတော့ ကျောင်းတွေထဲမှာ ဆူညံဆူညံနဲ့ မကောင်းဘူး၊ ဘုန်းကြီးက ဒီကျောင်းမှာ ဆူညံတာ မကြိုက်ပါဘူး၊ မလာချင် နေနိုင်ပါတယ်၊ ဆူတော့ မဆူပါနဲ့။ ဆိုင်ရာပုဂ္ဂိုလ်တွေက စကားများဆူညံနေမယ့်သူများကို ခေါ်ခေါ်မလာကြပါနဲ့။ ဘုန်းကြီးတို့ကလည်း ဒကာဒကာမတွေနဲ့ တရောရော တသောသော မနေကြပါနဲ့။ ကိုယ့်သီလကိုထိန်းနေကြပါ၊ ဒါကမှ နောက်ဘဝကို

(ဒုတိယအကြိမ်)

ပါမှာ၊ ဒကာ ဒကာမတွေနဲ့က စိတ်မချရဘူး၊ နောက်ဘဝ အတွက် မလွယ်ပါဘူး။

**ဂိုဏ်းပေါင်းစုံက ရောက်နေကြတာ** ဘုန်းကြီးထံမှာ ရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေဟာ ဂိုဏ်းပေါင်းစုံက ရောက်နေကြတာပါ။ ဘုန်းကြီးမှာ ရွှေကျင်၊ သုဓမ္မာ၊ ကံ၊ ဒွါရ ဆိုတာ မရှိပါဘူး။ သာသနာမှာ ဂိုဏ်းဂဏတွေ ကွဲလာတဲ့အတွက် ကျဉ်းမြောင်းနေပါတယ်၊ ပုဂ္ဂိုလ်အချင်းချင်း အာဃာတတွေ များလာကြပါတယ်၊ ဘုန်းကြီးကြည့်တာက သာသနာတခုလုံး ကြည့်တာပါ။ ဘုန်းကြီးတို့က တရားစည်းကမ်းအတိုင်း တတ်နိုင်သမျှနေလို့ အချိုးကျနေတာပါ။

**ကိုယ့်အလုပ် ကိုယ်လုပ်ကြ** ကိုယ်တော်တို့ ကောင်းကောင်း နေကြပါ၊ ကောင်းကောင်း မနေပဲ လူများလူ့တာတွေ စားနေယင် အန္ဓဖတ်တွေ စားနေတာနဲ့ အတူတူပါပဲ။ ဒါကြောင့် သတိနဲ့နေကြ၊ ပေါ့ပေါ့ဆဆမနေကြနဲ့။ ပေါ့ပေါ့ဆဆ နေယင် ဘဝ သံသရာမှာလဲ ပေါ့ပေါ့ဆဆ အကျိုးပေးတတ်တယ်။ ကိုယ့်အလုပ်ကိုယ်လုပ်နေကြ၊ ဘုန်းကြီးမှာ အလုပ်နဲ့နေတဲ့ ဘုန်းကြီးဆိုတော့ ပင့်လဲ ဘယ်မှ မလိုက်ချင်ဘူး၊ ကိုယ်က ကိုယ့်နည်းနဲ့၊ ကိုယ့်ရည်ရွယ်ချက်နဲ့ နေတာ။ လိုက်သွားယင် ကောင်းကောင်း စားရမှာ သေချာတယ်။ ဘုန်းကြီးကျောင်းမှာတော့ လုပ်ကျွေးမဲ့သူက တယောက်ခဲ့ပဲ ရှိတယ်။ (အလုပ်အကျွေး ရဟန်းတပါးနှင့် ကိုရင်ငယ်ကလေး

(ဒုတိယအကြိမ်)

တပါး ထားသည်ကို ရည်ရွယ်၍ တယောက်ခဲ့ဟု အမိန့်ရှိခြင်း ဖြစ်ပါသည်။)

ကိုရင်တို့—လောကကြီးမှာ ကိုယ်လုပ်ယင် ဖြစ်တာချည်းပဲ။ လိုချင်တာရှိယင်လဲ ဆုတောင်းမနေနဲ့။ ခုလူတွေ နိဗ္ဗာန်မြန်မြန် ရရပါလို၏တဲ့။ ဘယ်နှစ်ယောက်များရကြသလဲ၊ ပိုက်ဆံမပေး ရလို့ အလကားဆုတောင်းနေကြတာ။ ဘာမှ ဟုတ်တာမဟုတ်ပဲနဲ့။ လောကမှာ အချောင်သမားတွေက များနေတယ်။ အချောင်သမား မရှိရဘူး၊ အကြင်မျှလောက် ကာလပတ်လုံး ဘုန်းကြီးတို့ ညာနေကြယင် ထိုမျှလောက် ကာလပတ်လုံး ဘဝ သံသရာမှာ ခံနေကြရမယ်။

**ဘုန်းကြီးရဲ့အာနုဘော်** ဒီကျောင်းမှာ ဂိုဏ်းဆရာတွေကလဲ ရောက်ရောက် လာကြတယ်။ သူတို့ ဂိုဏ်းဆိုင်ရာထဲက လူတယောက် နေမကောင်းလို့ အစာ မစားပဲ နေသတဲ့။ ဒါနဲ့ ညကျတော့ သပိတ်ထဲ ထည့်စား ရမယ်လို့ အိပ်မက်ပေးတဲ့အတွက် စားရသတဲ့။ နောက်တော့လဲ ဒီလိုပဲ စားချင်ပြန်သတဲ့။ အရက်သမား တယောက် ထောင် ကျနေတာ ထောင်ထဲရောက်တော့ ဘုန်းကြီး စာအုပ်တွေကို ဖတ်ပြီး ထောင်ကထွက်လာတဲ့အခါ သာသနာပြုရန် မိန်းမကို တိုင်ပင်တော့ မယုံနိုင်စရာပဲ။

ဘုန်းကြီးမှာ ဂိုဏ်းဆရာတွေက မ-စလို့မဟုတ်ပါဘူး၊ ကိုယ့် အလုပ်နဲ့ကိုယ် တိုးတက်လာတာပါ။ ဘုန်းကြီးရဲ့အာနုဘော်က

မေတ္တာပါပဲ။ ဘာတန်ခိုးမှ မရှိပါဘူး။ ဘုန်းကြီးမေတ္တာပို့တာ နှစ်ရက် ခွဲပို့ရတယ်။ အကျိုးဆိုတာ ကိုယ်ကလုပ်မှ ရတာပါ။

**အိပ်ရာထ မပျင်းကြနဲ့** ဒီ ကျောင်းအနေနဲ့ ကျောင်းတိုက်ခွဲ ချင်ယင် ဒီကမှု မပျက်ကြစေနဲ့။ နံနက် ကျယင် ဒီက အစည်းအဝေးအတိုင်း လုပ်ကြ။ ကိုယ်တော်တို့ အိပ်ရာထ ပျင်းနေယင် ဘုန်းကြီးက နတ်တယောက် ထည့်ပေး လိုက်မယ်။ ရှေးတုန်းက ရှင်ဘုရင်တွေ စက်တော်ခန်းမှ ထချိန် တော်ယင် သီချင်းအမျိုးမျိုးနဲ့ ဖြေဖျော်နှိုးကြရတယ်။

ဘုန်းကြီးကတော့ မထရင် ဒီကထည့်လိုက်တဲ့နတ်ကိုမှာလိုက် မယ်။ ကောင်းကောင်းနေတဲ့ ပုဂ္ဂိုလ်ဆိုယင် သာသာလေး ထူ ပေးပါနော်။ အိပ်ရာထပျင်းတဲ့ သူများကျယင်တော့ ပါးချပြီး နှိုးပါနော်လို့ မှာလိုက်မယ်။ အိပ်ရာက မထချင်တာရယ်၊ ဆွမ်း စားရမှာရယ်၊ ပြောဟောရမှာရယ် ဒီသုံးချက် ဘယ်ဟာက ခက်သလဲ။ "အိပ်ရာက ထရမှာ ခက်ပါတယ် အရှင်ဘုရား" (တပါးက ဖြေသည်။) ကိုယ်တော်တို့ အိပ်ရာထ မခက်အောင် ကြိုးစားနေကြ။

(ဒုတိယအကြိမ်)

# ပန်ကြားလွှာ

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးသည် တပည့်သား ရဟန်းသာမဏေများကိုလည်းကောင်း၊ လူဒါယကာဒါယိကာမတို့ကိုလည်းကောင်း နေ့စဉ်နံနက် ဩဝါဒချိန်၌ လောကီ လောကုတ္တရာရေးရာ အဖြာဖြာကို အခွင့်သင့်တိုင်း ညွှန်ကြား ဆုံးမ ဟောပြသွန်သင်တော်မူခဲ့ပေသည်။

ရဟန်း သာမဏေဘဝကို သေချာစွာနားလည်ပြီး ဝိနည်းနှင့် အညီ နေထိုင် ကျင့်သုံးတတ်စေရန်၊ သာသနာ့ဝန် ဆောင်တတ်စေရန်နှင့် လူဒါယကာ ဒါယိကာမတို့၏ မီးရှူး တန်ဆောင်သဖွယ် ကိုးကွယ်ဆည်းကပ်မှုကို ခံယူနိုင်ရန် ဝီရိယ, သတိ,သမာဓိ,ပညာဖြင့် မည်သို့ကြိုးပမ်း ဆောင်ရွက်ရမည်ကို ညွှန်ပြ ဆုံးမတော်မူခဲ့ပေသည်။

လူဒါယကာ ဒါယိကာမများအားလည်း လောကုတ္တရာ ရေးရာတွင် ဘာသာကိုးကွယ်တတ်ဖို့၊ သာသနာ အဓိပ္ပါယ် သိပြီး သာသနာကို တည်တံ့တိုးတက်အောင် ဆောင်ရွက်တတ်ဖို့ လမ်းညွှန်တော်မူခဲ့ပေသည်။

**သူတော်ကောင်း—၄ (ဒုတိယအကြိမ်)**

လောကီရေးရာ၌လည်း အသက်မွေး ဝမ်းကျောင်း ပညာရှာပုံမှအစ လူ့သဘော စောကြောတတ်ကာ မိမိတို့ကိုယ်တိုင်လည်း လမ်းမှား မလျှောက်မိဖို့ အပြင် ကျန်းမာစွာ နေထိုင် စားသောက်တတ်ဖို့အထိ သတိပေး ဆုံးမတော်မူခဲ့ပေသည်။

ဤဖော်ပြချက် အချို့သည် ထိုထိုသော ဩဝါဒများမှ ထုတ်နုတ်၍ တင်ပြထားခြင်းသာဖြစ်ကြောင်း ကြိုတင် အသိပေးအပ်ပါသည်။

(ဒုတိယအကြိမ်)

ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး ရေးသားတော်မူသည့်

နေ့စဉ်နံနက် ဩဝါဒချိန်တွင် ရှိခိုးကန်တော့ရသော

# သဗ္ဗညုတဉာဏ်တော်၏ အစွမ်းသုံးပါး

## လင်္ကာ

၁။ သိရန်မှန်က၊ မကျန်ရအောင်၊ လုံး၀စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၂။ သိသည့်တရား၊ များအပြား၌၊ ဟောထားစဖွယ်၊ နည်းသွယ်သွယ်ကို၊ ခြယ်လှယ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၃။ ကျွတ်ထိုက်ကြပေ၊ များဝေနေ၏၊ ဣန္ဒြေစရိုက်၊ သူ့အကြိုက်ကို၊ နှိုက်ချွတ်စုံလင်၊ အကုန်မြင်၊ သဗ္ဗညုဉာဏ်တော် အစွမ်းတည်း။

၄။ ဉာဏ်တော်စွမ်းပကား၊ ဤသုံးပါးကြောင့်၊ အများဝေနေ၊ ကျွတ်လွတ်စေဖို့၊ မနေမနား၊ သက်တော်အားဖြင့်၊ ကြိုးမားလေဘိ၊ ရှစ်ဆယ်ပြည့်၍၊ ပရိနိဗ္ဗာန်၊ စံသည့်တိုင်အောင်၊ သယ်ယူဆောင်၊ ဘုန်းခေါင်ငါတို့ ဘုရားတည်း။

(ဒုတိယအကြိမ်)

## ဘုရားရှင်ပွင့်တော်မူရခြင်း၏ ရလဒ်

ဘုရားရှင်တော် မပွင့်ပေါ်လျှင် လူတော်အများ စိတ်ကောင်းထားလည်း ဤကားကုသိုလ် အကုသိုလ်နှင့်ထိုထိုဘုံဘဝ မသိရ များလှအပြစ်တွေ။

ဘုရားရှင်တော် ပွင့်ထွန်းပေါ်၍ ဟောဖော်ညွှန်ကြား မြတ်တရားကြောင့် ဤကားကုသိုလ် အကုသိုလ်နှင့် ထိုထို ဘုံဘဝ သိကြရ များလှကျေးဇူးတွေ။

ကျေးဇူးတော်ရှင် ဘုရားရှင်ကို နေ့စဉ်မပြတ် ကျေးဇူးဆပ်ဖို့ အမြတ်ရတနာ သာသနာ၏ နှစ်ဖြာဝန်ထမ်း လွန်ကြိုးပမ်း လူစွမ်းပြကြစေ၊ ငရဲရှိတယ်၊ တိရစ္ဆာန်ရှိတယ်၊ ပြိတ္တာရှိတယ်၊ လူနဲ့ လူမွဲ လူဆင်းရဲရှိတယ်၊ သေရဦးမယ် သတိထား။

---

## ဩဝါဒကထာ သံဝေဂလင်္ကာများ

### သံဝေဂ ဝတ္ထု ရှစ်ပါး

အမိဝမ်းခေါင်း၊ ဆယ်လ ညောင်းမျှ၊ အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်၊ လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေး ကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ၊ခံပြီးမှလည်း၊ များလှပါယ်ရွာ၊ ရောက်ကြရှာ၏။

(ဒုတိယအကြိမ်)

အတီတာရှေး၊ ဤဝဋ်ဘေးနှင့်၊ နှောင်ရေးနာဂတ်၊ ဒုက္ခထပ်လိမ့်၊ မပြတ်ခုခါ၊ ဖြစ်တုန်းမှာလည်း၊ အစာရှာရ၊ ထိုဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူငါငါ၊ မသက်သာသည်၊ ရှစ်ဖြာသံဝေ ရကြောင်းတည်း။

## မီး ၁၁ -ပါး

သူသူငါငါ၊ ဖြစ်လေရာဝယ်၊ ကြီးစွာကြိုဆီး၊ ဇာတိမီးက၊ အပြီးပုံသေ၊ လောင်မြိုက်လေ၏။ မသေ့တသီး၊ ဇရာမီးလည်း၊ အပြီးနောက်မှာ၊ ကပ်လျက်ပါ၏။ မကွာစေရ၊ မရဏာဟု၊ တဘဝဖျက်ဆီး၊ လောင်သည့်မီးလည်း၊ ညီးညီးပြောင်ပြောင်၊ အမြဲလောင်၏။ လောင်ပုံလောင်အား၊ မထင်ရှားပဲ၊ နုထွားပျိုမျစ်၊ အရွယ်ဖြစ်သော်၊ အချစ်ရာဂ၊ မီးတွေ့ထ၍၊ ဒေါသထန်ပြင်း၊မောဟညှဉ်း၏။မကင်းနိုင်အောင်၊ ထို့နောက်နှောင်လည်း၊ တောက်လောင်ဖိစီး၊ သောကမီးကြောင့်၊ ဝမ်းနည်းဖွယ်တွေ၊ အထွေထွေနှင့်၊ ပရိဒေဝ၊ ငိုကြွေးကြဖို့၊ ဒုက္ခလည်းထပ်၊ ဒေါမနဿနှင့်၊ ဆက်စပ်မကွာ၊ ဥပါယာသ၊ လွန်ပြင်းပြ၍၊ သက်မျှမရှူ၊ တက်အောင်ပူသည်၊ ဆူဆူ ဆယ့်တစ်မီးတောက်တည်း။

## အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး ၃-ပါး

အိုအိုလူများ၊ သတိထားလော့၊ သွားဆဲကာလ၊ ခါသမယဝယ်၊ပထမခြေလှမ်း၊ ရုပ်နာမ်တန်းတို့၊လှမ်း ဒုတိယ၊ မရောက်ကြဘူး၊ ဒုတိယခြေလှမ်း၊ ရုပ်·နာမ်တန်းလည်း၊ လှမ်း တတိယ၊

(ဒုတိယအကြိမ်)

မရောက်ကြခင်၊ တလှမ်းတွင်လည်း၊ မြှောက်စဉ်တမျိုး၊ ရှေ့တိုး တဖို၊ လွန်ပုံတဝ၊ အောက်ချတခင်း၊ ထိခြင်းတလေ့၊ ဖိနင်းစေ့ အောင်၊ တရွှေ့ရွှေ့မြန်း၊ အခန်းခန်း၌၊ ခြေလှမ်းပိုင်းခြား၊ စိတ် ခြောက်ပါးဝယ်၊ သွယ်သွယ်နာမ်တန်း၊ ရုပ်အတန်းတို့၊ နှမ်းအိုး ခင်းထက်၊ နှမ်းတွေကျက်သို့၊ ဖြစ်ပျက်နေရ၊ အနိစ္စသည်၊ ဒုက္ခ- အနတ္တချည်းသာတည်း။

---

## ရဟန်း-သာမဏေနှင့် လူပုဂ္ဂိုလ်များ အခန်းကဏ္ဍ

၁။ သာသနာဆိုတာ ဘုရားအဆုံးအမကိုခေါ်တယ်၊ ဘုရား အဆုံးအမဆိုတာ သီလ, သမာဓိ, ပညာသိက္ခာသုံးပါးပဲရှိတယ်။

၂။ ကိုယ်သိမ်မွေ့ပါ၊ နှုတ်ချိုသာပါ၊ စိတ်ကဖြောင့်မတ်ပါ။

၃။ လောကမှာ နာမည်ကြီး ဥစ္စာပေါတယ်ဆိုတာ အလ ကား၊ သေတော့ ကိုယ့်ရဲ့ သီလ, သမာဓိ, ပညာပဲ အားကိုး ရမယ်။

၄။ မိဘတွေက သားသမီးကိုအမွေပေးတယ်ဆိုတာကိုယ်က ဘုရင်ဖြစ်လျှင် ဘုရင့်စည်းစိမ်၊ သဌေးသူကြွယ် ဖြစ်နေလျှင် သဌေးသူကြွယ် ဖြစ်ရိုတဘဝကိုသာ ပေးနိုင်ကြတယ်၊ ဗုဒ္ဓအမွေ ကတော့ တသံသရာလုံးကောင်းဖို့ ညွှန်ပေးခဲ့နိုင်တယ်။

၅။ သံသရာကြီးနှင့်စာလျှင်တဘဝဆိုတာတခဏလေးပါ၊ ဒီတော့ဒီဘဝကိုသာမကြည့်ပဲသံသရာကိုမျှော်ပြီးအလုပ်လုပ်ပါ။

(ဒုတိယအကြိမ်)

၆။ တနေ့တွက် မျှော်မှန်းချက်ချနိုင်ပေမဲ့ တဘဝတွက်၊ တသံသရာတွက်ကျတော့ မမျှော်မှန်းနိုင်ကြပေဘူး။

၇။ သံသရာဆိုတာ သေပြီးမှ တဘဝကူးတာ မဟုတ်ဘူး၊ နာမ်ရုပ်တွေ အဆက်မပြတ် ဖြစ်ပျက်နေတာကို ခေါ်တာ။

၈။ ဘဝတခုထဲက အဝိဇ္ဇာနှင့် တဏှာကို နှုတ်လိုက်ပါ၊ သံသရာဆိုတာ မရှိတော့ပါဘူး။

၉။ တဘဝ၏ ငါ့အဖြစ်ကို မကြည့်ပါနှင့်၊ တသံသရာလုံးရဲ့ ငါ့အဖြစ်ကို ကြည့်ပါ။

၁၀။ မျက်စိကို ပစ္စုပ္ပန် တမလွန် နှစ်ဘက်ကြည့်ပါ၊ မျက်ကွယ်တမလွန်ကို မမြင်နိုင်လျှင် တဘက်ကန်းတာပဲ၊ ဒီတွက် သတိရှိဖို့ လိုတယ်။

၁၁။ ယခုဘဝရဲ့ အဖြစ်အပျက် ဒုက္ခကို မြင်မှ နောက် နောက်ဘဝကို မလိုချင် မတောင့်တ။

၁၂။ တို့ခန္ဓာကြီးဟာ ဇာတိ ဇရာ ဗျာဓိ မရဏ ဝဋ်ဒုက္ခတို့ ပစ်တိုင်းအမှန် ခံနေရတဲ့ မှတ်တိုင်သက်သက်ကြီးပဲ။

၁၃။ သတ္တဝါတွေ ဒုက္ခ ရောက်တာကို ပြောနေကြတယ်၊ သွားနေတာက ဒုက္ခလမ်းပဲ၊ ဒီတော့လေ ဒုက္ခကြားက ဒုက္ခ လောင်းဟာ ဒုက္ခကိုပဲ တွေ့ရတယ်။

၁၄။ သံဝေဂမပါလျှင် တရားမရှာနှင့်။

၁၅။ သတ္တဝါတွေဟာ ဒုက္ခမရောက်သေးသမျှ မကြောက်ကြဘူး။

(ဒုတိယအကြိမ်)

၁၆။ လောကကြီးမှာ ဘယ်လောက်ကြီးကျယ်ကြီးကျယ် သေခါနီးကျမှ မျက်ရည်လည်ရလျှင် မတော်ပေဘူး။

၁၇။ မင်္ဂလာဖိုလ်ရမြင် ကျွတ်တမ်းဝင်ဖို့ ဆိုတာ ဆုတောင်း နေရုံဖြင့် အကျိုးမရှိ။

၁၈။ တရားဆိုတာ ဟောတရား နာတရားတွေက မစွမ်း ဘူး၊ အလုပ်တရားမှ စွမ်းတယ်။

၁၉။ ဘုရား တရားတော်ကို ကိုယ်ကမကျင့်ပဲ သူများ ကျင့်ဖို့ ဟောနေတာဟာ ခေတ်ပြားကြီးပဲ။

၂၀။ မရှိတာထက် မသိတာ ခက်သည်၊ မသိတာထက် မကျင့်တာခက်သည်၊ မကျင့်တာထက် မယုံကြည်တာခက်သည်။

၂၁။ ထမင်း စားတာကို မစားချင်လဲ စား၊ စားချင်လဲ စားရသလို၊ တရားထိုင်တာလဲ ထိုင်ချင်လဲထိုင်၊ မထိုင်ချင်လဲ မှန်မှန် ထိုင်ရတယ်။

၂၂။ သမထပွားလျှင် စိတ် တည်ကြည်တယ်၊ စိတ်တည် ကြည်မှ ရာဂပယ်နိုင်တယ်၊ ဝိပဿနာပွားလျှင် ပညာတိုးပွား တယ်၊ ပညာတိုးပွားမှ အဝိဇ္ဇာပယ်နိုင်တယ်။

၂၃။ သန့်ရှင်းတဲ့နား အကြားများသည်၊ ကြည်လင်တဲ့ မျက်စိ အမြင်များသည်။ စင်ကြယ်တဲ့စိတ် အသိများသည်။

၂၄။ အမှတ်မဲ့နေသူ၏စိတ်ဟာ အကုသိုလ်ဘက် သွားနေ သလို၊အကုသိုလ်ကံအကျိုးပေးကလဲ ထိုသူမှာ အမြဲရှိနေတယ်။

၂၅။ သုခတခုကို သုခတခုဖြင့် ရရိုးမရှိ၊ ဒုက္ခနှင့်ရင်ဆိုင်မှ ရတယ်။

၂၆။ ဒုက္ခကြီးကြောက်လျှင် ဒုက္ခလေးကို ရင်ဆိုင်ရမည်။

(ဒုတိယအကြိမ်)

၂၇။ လောကမှာတော့ ထောင်မြင်မှ ရာစွန့်ချင်ကြတယ်။ သဘာဝကလဲ ချမ်းသာလေးစွန့်မှ ချမ်းသာကြီး ရနိုင်တယ်။

၂၈။ ဘုန်းကံဆိုတာ ရှေးက ပါခဲ့ပေမယ့် ယခု ဘဝ ကြိုးစားမှုကလဲ ရှိရတယ်၊ စင်စစ်မတော့ ကံဆိုတာ ရေလာ မြောင်းပေးလုပ်မှုလဲ ကောင်းကျိုးရှိရာ ကောင်းကျိုးလာပြီး၊ မကောင်းမှုရှိရာ မကောင်းကျိုးလာမှာပဲ။

၂၉။ ကောင်းကောင်း နေသော်လဲ အသက် မတိုပါ၊ ဖြစ်သလိုနေသော်လဲ အသက်မပိုပါ။

၃၀။ စိတ်နေ စိတ်ထား ဆိုတာ သေးသိမ်တဲ့ နေရာမှာ နေပြီး၊ သေးသိမ်တဲ့ အလုပ်ကိုသာ မြင်ရလျှင် သေးသိမ်ပြီး၊ ကြီးကျယ်တဲ့ အလုပ်ကိုမြင်မှ ကြီးကျယ်တယ်။

၃၁။ ကုသိုလ်ဆိုတာမေ့နေလျှင် တိရစ္ဆာန်နှင့်မထူးတော့၊ ကုသိုလ်ဆိုတာ ဒီနည်းနှင့်လဲရ၊ ဟိုနည်းနှင့်လဲ ရနေမှကောင်း တယ်။

၃၂။ သဘာဝဆိုသော် ကုသိုလ်ပြုက လူသည် တိရစ္ဆာန် ထက်သာသလို၊ အကုသိုလ်ပြုလျှင်လည်း လူက တိရစ္ဆာန်ထက် ကြီး၏။

၃၃။ လူ့ဘဝဟာ ပါရမီဖြည့်ဖို့ အကောင်းဆုံးဖြစ်တယ် ဆင်းရဲဒုက္ခ အလယ်အတတ်တန်းစားတွင်ရှိနေလေတော့ သတိ, ဝီရိယ အမြဲရှိရပါမယ်၊ အပါယ် သတ္တဝါတွေ ကြပြန်တော့ ဆင်းရဲလွန်းတယ်၊ နတ်ပြည်ကြပြန်တော့ ချမ်းသာလွန်းတယ်။

(ဒုတိယအကြိမ်)

၃၄။ မကောင်း အာရုံများကတော့ အလကားနေယင်း ပေါ်တယ်၊ ကောင်းအာရုံများကတော့ သတိရှိမှပေါ်တယ်၊ သတိဆိုတာ ပိုတယ်မရှိ၊ လိုတယ်သာရှိတယ်။

၃၅။ အကြောင်းအားလျော်စွာ ကျောင်းခွဲတည်ထောင်ကြလျှင် ဟန်ကျောင်းမလုပ်ပဲ ဘုရားဝိနည်း တရားတော်နှင့်အလျော် ရပ်ရွာကျေးဇူးများအောင် ပညာသင်ပေးကြရမယ်။

၃၆။ အရာရာမှာ ပထမဗဟုသုတရှိဖို့၊ ဒုတိယသတိထားဖို့၊ တတိယ မှန်-မမှန်စုံစမ်းဖို့နှင့် စတုတ္ထဝီရိယနှင့်အလုပ်လုပ်ဖို့ပဲ။

၃၇။ လောကကြီးမှာဂုဏ်ရှိဖို့ထက်၊ ရှိပြီးဂုဏ်ကိုထိန်းသိမ်းဖို့က ခက်တယ်။

၃၈။ ကိုယ့်ကိုယ်ကို အထင်ကြီး စိတ်ကြီးဝင်နေလျှင် သူတပါးကို အထင်သေးတာ သဘာဝပဲ။

၃၉။ လူတွေဟာ ကိုယ်ဉာဏ်မမီလျှင် သူတပါးသိတာကို မယုံကြည်ကြ၊ အမှန်မထင်ကြဘူး။

၄၀။ သူများအပြစ်ကို မကြည့်ပါနဲ့ ကိုယ့်အပြစ်ကိုသိပါ။

၄၁။ ကိုယ့်ကိုပတ်ဝန်းကျင်ကမချစ်ကြပေမယ့်၊မမုန်းကြမှ ကောင်းတယ်။

၄၂။ သံသရာကြီးထဲမှာဒီဆွေတွေမျိုးတွေကတော့မဆန်းပါဘူး၊ သူတော်ကောင်းအဖြစ်တွေ့ရမှ တန်ဖိုးရှိတာ။

၄၃။ ငါသည် ငါကြည်ညိုသောငါ ဖြစ်သင့်သည်၊ သူတပါးကို ညာဝါးလို့ရသည်၊ ငါ့ကိုယ်ငါ ညာဝါးလို့မရ။

၄၄။ လောက သူမရှိလျှင်မဖြစ်ဘူးဆိုတာ. မဟုတ်ပါဘူး ငါမရှိမှ ငါမဖြစ်တာ၊ (ငါစွဲမရှိမှ ဘဝ ပြတ်မည်ဟူလို)။

(ဒုတိယအကြိမ်)

၄၅။ လောကကြီးကားမိုက်၏၊သတ္တဝါတွေကားကန်း၏၊ အမိုက်လောကကြီးထဲ အကန်းသတ္တဝါတွေ လမ်းမှန် လမ်းလွဲ မခွဲခြားပဲ လျှောက်သွားနေကြတယ်။

၄၆။ ကိုယ်ရေးကိုယ်တာအတွက် ကျင့်လမ်းသည် ကောင်း၏၊ သာသနာအတွက်တော့ ပရိယတ်သာ ဆက်တည်နိုင်၏။

၄၇။ ပရိယတ်မဆက်နိုင်လျှင် သာသနာခေါင်းပြတ်မည်။ ပဋိပတ်မရှိလျှင် သာသနာခါးပြတ်မည်။ ကျေးရွာဘုန်းကြီးမရှိလျှင် သာသနာအောက်ခြေပြတ်မည်။ ဒါကြောင့် သာသနာအတွက် စာသင်တိုက်၊ တောကျောင်းဘုန်းကြီး၊ ရွာကျောင်းဘုန်းကြီး ရှိရမည်။

၄၈ လောကီပညာ ဘွဲ့ကလေး ရအောင် လေးငါးနှစ်သင်ကြားကြိုးစားရသေးတယ်၊ "တသံသရာလုံးက ပါလာတဲ့" ကိလေသာသတ်ဖို့ဆိုတော့ ဘယ်လောက် အားထုတ်ရမယ်လို့ မသတ်မှတ်နိုင်ပါဘူး။

၄၉။ သူများကို ထမင်းချက်ကျွေး၊ ရေခပ်ပေးသူများဟာ ထမင်းမငတ်၊ ရေမငတ်သလို၊ သူများကို လိမ္မာအောင် စောင့်ရှောက်သူနှင့် ဉာဏ်တိုးအောင် လုပ်ပေးသူဟာ အောက်ကျနောက်ကျ မဖြစ်နိုင်ဘူး။

၅၀။ လောကကြီးမှာ ကိုယ်သာ အနိုင်ရရေးအတွက် သူတပါးကို ပြက်ရယ်ပြုကြ၊ ပြစ်တင်ရှုတ်ချကြ လုပ်နေကြတယ်။

၅၁။ မွေးနေ့ကုသိုလ်ပြုလျှင်၊အချိန်ရှိတိုင်းပြုရမည်၊တရားသဘောအရ အချိန်ရှိတိုင်း (ဖြစ်ပျက်မှု) မွေး သေ နေကြတာပဲ မဟုတ်လား။

(ဒုတိယအကြိမ်)

၅၂။ အိုနာသေရေး ဒုက္ခဘေးကို ကိုယ်နှင့် မနီးစပ်လျှင် အရယ်မပျက် အပြုံးမပျက်ပါ၊ ကိုယ်နှင့်စပ်လာမှ ကိုယ့်အပေါ် သို့ကျရောက်လာမှ အရေးကြီးတတ်ကြသည်။

၅၃။ သေတာမှတပါး စားနောက်၊ သွားနောက်ဆိုတာ မကောင်းဘူး။

၅၄။ လောကမှာ အချစ်ဆုံးအရာသည် ဒုက္ခအပေးဆုံး၊ ချစ်စရာ တခုသာရှိလျှင် ဒုက္ခတခု၊ ချစ်စရာများလျှင် ဒုက္ခ များတယ်။ ချစ်စရာမရှိလျှင် ဒုက္ခမရှိတော့ဘူးလို့မှတ်။

၅၅။ ဘာသာရေးသမားများဟာ ကိုယ့်ဘာသာ မဟုတ် လျှင် ဂရုမစိုက်ကြဘူး၊ ဒါဟာ သေးသိမ်တဲ့စိတ်သဘောထား တွေပဲ။

၅၆။ ဂိုဏ်းဂဏကွဲလို့ သာသနာကျရသည်၊ ပါတီဝါဒ ကွဲလို့ တိုင်းပြည်ကျရသည်၊ ဂိုဏ်းဂဏ ပါတီ စိတ်တွေဟာ ကျဉ်းမြောင်းတဲ့ အမြင်တွေ ဖြစ်တယ်။

၅၇။ သေလျှင်ပြီးစတမ်း ဝါဒထွန်းကားလေသမျှ ကမ္ဘာ ကြီးမှာ စာရိတ္တပျက်ပြားမှု မပျောက်နိုင်။

---

## လူ ပုဂ္ဂိုလ်တို့ ကဏ္ဍ

၁။ လူရယ်လို့ဖြစ်လာမှတော့ အသက်ရှင်တုန်းမှာ တဏှာ ကျွန်၊ သေတော့ အပါယ်လေးပါး မဖြစ်သင့်ဘူး။

၂။ လူတွေဟာ အမှတ်တမဲ့နေ၊ အမှတ်တမဲ့သေကြတယ်။ တကယ်ဆိုတော့ အိုနာ သေရေးအတွက် ပြင်ဆင် ထားဖို့ ကောင်းတယ်။

(ဒုတိယအကြိမ်)

၃။ လူတိုင်းဟာ ရုပ်ကိုသာ မြင်တတ်ကြတယ်။ နာမ်ကို တော့မမြင်တတ်ကြဘူး။ ဒါကြောင့်လဲ ရုပ်ချမ်းသာမှုကိုရှေ့ရှု နေကြတာပဲ။

၄။ လူသေပြီး လူဖြစ်သူကနည်းတယ်။ ဖြစ်ပြန်တော့လဲ ဗုဒ္ဓ တရားတော်နှင့် တွေ့ဘိုကလဲ ခဲယဉ်းပြီး၊ တွေ့တော့လဲ ဘာသာကို တကဲ့သဒ္ဓါဖြစ်ဖို့ ကဲ့တယ်။

၅။ လူဒကာ ဒကာမတွေဟာ သာသနာနှင့် စပ်လျှင် ဘာကိုမှ နားမလည်ကြဘူး။ သိရာလှူဒါန်း၊ ကျွမ်းရာ ကျောင်း ဆောက် နေကြတာပဲ။

၆။ လူများဟာ ဘာသာရေးကိုပုဂ္ဂိုလ်တပါးချင်း မရိုသေ တတ်ကြဘူး။ သံဃာစင်ပေါ်ရောက်မှ သံဃာအစုအရုံးတွေ့မှ ကြည်ညိုလေ့ ရှိကြသည်။

၇။ လူတွေဟာ သာသနာရဲ့အနှစ် သီလ၊ သမာဓိ၊ ပညာကို မကြည်ညိုတတ်ကြပဲ၊ ကျောင်း ကောင်း ကန် ကောင်းကို ကြည်ညိုတတ်ကြတယ်။

၈။ မမ္မကထိက တွေကလဲ ဒါန၊ သီလ၊ ဘာဝနာတရား အကျိုးတွေ ဟောပါရဲ့။ သူတွေကလဲ နာကြပါရဲ့။ အကျင့် အလုပ်မပါပဲ နာနေရုံဖြင့် အကျိုးမရှိပါဘူး။

၉။ လောကကြီးမှာ ဒါနရှိမှ လူချစ်ခင်ကြတယ်၊ သီလရှိမှ ကြည်ညိုကြတယ်၊ ပညာတတ်မှ လေးစားကြတယ်။

၁၀။ ပညာတတ်လျှင် သတ္တိလဲ ထက်လာတယ်၊ ပညာ မတတ်ခင်က ခပ်ကြမ်းကြမ်း ဖြစ်နေပေမယ့် ပညာတတ်လာ တော့ အမြော်အမြင်ရှိလာတယ်။

(ဒုတိယအကြိမ်)

၁၁။ လောက ကြီးပွားရေး ပညာဟာ အဓိကအားပဲ။

၁၂။ ပညာဆိုတာ စာပေကိုသာ ပြောတာ မဟုတ်ဘူး၊ သူ့အရွယ်နှင့်သူ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ လက်မှုအတတ် အားလုံးပါဝင်တယ်။

၁၃။ ဘာပညာပဲဖြစ်ဖြစ် ငယ်စဉ်အရွယ်ရှိစဉ်က မကြိုးစားခဲ့လျှင်၊ ပညာတခုခုနှင့် အသက်မွေးရတော့မယ် ဆိုတော့ ပညာရင့်ရင့်သလို၊ ညံ့ညံ့သလို အကျိုးခံစားရမှာပဲ။

၁၄။ လူတွေဟာ ချမ်းသာချင်ကြတယ်၊ ဝီရိယနှင့်ရှာပါ ခြိုးခြံပါဆိုတော့ မရှာကြ မခြိုးခြံကြဘူး။ နေရာတိုင်းကျန်းမာရေး၊ ပညာရေး ဒီလိုချည့်ပဲ။

၁၅။ လူတွေဟာ စီးပွားရေးသာ အမြော်အမြင် ရှိပြီး ဘာသာရေးမှာတော့ မမြော်မြင်တတ်ကြဘူး။

၁၆။ ဘုရားပွဲ၊ ဘုရားပူဇော်ပွဲဆိုတာ စာထဲမှာတော့ဘုရားဂုဏ်တော်တွေကို သိဆိုရွတ်ဖတ်ပြီး၊ ကြေးစည်ခေါင်းလောင်းစတဲ့ သဒ္ဒ (အသံ) အလှူကို လှူကြတယ်၊ မီးပူဇော်ကြတယ်၊ ဒို့မြန်မာနိုင်ငံရောက်လာတော့မှ ပုဂံခေတ်ကနတ်၊ အရည်းကြီးတို့ကို ကိုးကွယ်မှုရောလာပြီး ကြက်ကောင်လုံး၊ ဝက်ကောင်လုံးတွေ၊ အငြိမ့်၊ ဇာတ်၊ လူပြက်၊ ပြက်လုံးတွေနှင့် ပူဇော်လာကြတယ်၊ ဒါ မှားနေတာပဲ။

၁၇။ သားသမီးတွေကို မိဘတွေက ဆုံးမ,မရတာ ပြောကြတယ်၊ စာရိတ္တပျက်ပြားဆုတ်ယုတ်လာတာတကြောင်း၊ လူကြီးမိဘတွေကိုက အပျော်အပါး မလျှော့တာကတကြောင်း ဖြစ်တယ်။

(ဒုတိယအကြိမ်)

၁၈။ အပျော်အပါးများတဲ့ မြို့၊ ရွာ၊ နိုင်ငံဟာ ဆင်းရဲစမြဲပဲ။

၁၉။ ခေတ်ဆိုတာ လိုက်သင့်မှလိုက်ရတယ်၊ ဒီခေတ်ဆိုးရဲ့ ဒဏ်ကို ဒီသတ္တဝါတွေပဲ ခံကြရမယ်။

၂၀။ လူတွေဟာ ဖြစ်လာတဲ့အခြေအနေကို ရှန်းကန်ဖို့တော့ မကြံဘူး၊ ကုန်းခံဖို့သာ စိတ်ကူးကြတယ်။

၂၁။ လူတွေဟာ သူ့ချားကိုတော့ လက်ညှိုး ထိုးတတ်တယ်၊ ကိုယ့်ကိုယ်တော့ ခွင့်လွှတ်ကြတယ်။

၂၂။ တရားရုံးများ၊ ပွဲလမ်းသဘင်၊ ကစားဌာန၊ ဘုံဆိုင်တွေမှာ လူရှုပ်တာဟာ တိုင်းပြည်ရဲ့ မကောင်းတဲ့လက္ခဏာပဲ။

၂၃။ ဒါနနဲ့ သီလတွင် ဒါနဟာ ပိုက်ဆံ မကုန်ဘူးလား၊ ကုန်တယ်။ သီလကော ကုန်ရဲ့လား၊ မကုန်ဘူး။ အကျိုးရတော့ ဘယ်ဟာက ကြီးသလဲ။ သီလကကြီးတယ်။

၂၄။ ဘာပဲဖြစ်ဖြစ် ကံချည်းပဲ အောက်မေ့လိုက်ကြတာပဲ၊ ဘုရားရဲ့ ဉာဏ်ဝီရိယဖြင့် ပြုပြင်မှု၊ ကြိုးစားမှုကိုအသားပေးဝါဒရှိပါလျက်ကံချည်းချထားတော့ဆာသနာလဲနာ၊လူမျိုးလဲနာတာပေါ့။

၂၅။ ယခုအခါ ခေတ်စား နေသော ရှင်ပြုနည်းများ၌ ငွေပိုငွေလျှံ ရှိသူတို့အတွက် မထောင်းတာသော်လည်း ရှိသမျှ ပစ္စည်းလေးနှင့်အားခဲရသူ ကြွေးယူ၍သားကြီးရှင်ဖြစ်ပြုရသူတို့ အတွက် အလွန် နစ်နာလှပေ၏။

သံသရာကျိုးလည်း နေ့စဉ့်ဆွမ်းလောင်း၊ မိဘပြုစု စသော ဒါနမှုလောက် အားမကိုးရ၊ ပြခဲ့သော နွားသတ်၊ ဝက်သတ်

ခိုင်း၍ ငွေကူမျှော်ရသော အလှူနှင့် ဂုဏ်ပကာသနကို ပဓာန ထားသော အလှူတို့မှာ ငွေကုန်အပြစ်ဖြစ် ၂-မျိုးလုံးနစ်နာ၏။

ထိုအလှူမင်္ဂလာဝယ် သားငယ်ကို မင်းမြောက် တန်ဆာ ဆင်၍ အဘိသိက်သွန်းလိုက်သော်လည်း ဘယ်သူကမှ အထင် မကြီးကြ၊ ထိုအဘိသိက်သွန်းလောင်းမှုကြောင့် ဘာမင်္ဂလာ မှလည်း မတိုးတက်ပါ။

ယခုရှင်လောင်းများထက် မယှဉ်သာအောင်အဆင့်အတန်း မြင့်သော သားတော်ရာဟုလာ ရှင်ပြုရာဝယ် ' ဘာဘိသိက်မှ မသွန်းရ၊ ဘာအလှူကြီးမှလည်း မလှူလိုက်ရ၊ ကျောင်းတော် လိုက်သွားရာမှ အရှင်သာရိပုတြာမထေရ်မြတ်က ဦးခေါင်း ရိတ်၍ သာမဏေဝတ်ပေးရုံမျှဖြင့် ရှင်ပြုကိစ္စ ပြီးစီးရပါသည်။

---

## ရဟန်း-ရှင်-လူများ အခန်းကဏ္ဍ

၁။ ရှင်ပြုတယ်ဆိုတာ အလွယ်လေး၊ ဘာမှ ကုန်ကျစရာ မလိုဘူး၊ "ရှင်ပြုပြီး ကျကျနနနေဖို့သာ ခက်တယ်"။

၂။ ဘုန်းကြီးတို့သာသနာမှာ ငွေကုန်တွေ များနေတယ်၊ "ဘုရားပွဲ၊အသုဘ၊ အလှူတွေမှာ ငွေသိပ်ကုန်နေတယ်"။

၃။ အလှူလုပ်တဲ့အခါ ငှက်ပျောပွဲ၊ အုန်းပွဲတွေမထည့်နဲ့၊ ငှက်ပျောပွဲ၊ အုန်းပွဲဆိုတာ နတ်တင်ရာက လာတယ်၊ ဘုရား လက်ထက်က အလှူမှာ တရား ဟောပြီးယင် ဒကာတွေက ငှက်ပျောပွဲ အုန်းပွဲတွေ လိုက်ပို့ရတာ ရှိသလား၊ မရှိဘူး။ ဇေတဝန်မှာ ဗေထိဗေထိတွေ လုပ်သလား၊ မလုပ်ဘူး။

(ဒုတိယအကြိမ်)

၄။ သားကောင်းရတနာ၊ သမီးကောင်း ရတနာလေးတွေ မွေးလာတာဟာ လောကကိုအလှဆင်သလိုပဲ၊ တမျိုးတနွယ်လုံး၊ တနိုင်ငံလုံး၊ တသာသနာလုံးကို အကျိုးပြုနိုင်တယ်။

၅။ မိဘတွေက သားသမီးကို ဘယ်လောက်ချစ်တယ် ပြောပြော ပညာကိုတတ်အောင်သင်မပေးယင် ချစ်ရာမရောက်ဘူး၊ နှစ်ရာရောက်တယ်၊ ကျန်းမာရေးကို ဂရုစိုက်မပေးယင် ချစ်ရာမရောက်ဘူး။

၆။ စာရိတ္တဟာ ကလေးတွေကတည်းက သင်ပေးမှ ဖြစ်တယ်၊ ကြီးမှသင်ယင်မရတော့ဘူး၊ မလွယ်တော့ဘူး၊ ရုပ်ရှင်တို့ ဘာတို့ ဝင်လာတော့ သဘောကျကြတယ်၊ အတုခိုးကြတယ်၊ ဒီတော့ ဗမာ့သားသမီးတွေဟာ ဗမာနဲ့မတူတော့ဘူး၊ ကပြားလေးတွေဖြစ်လာတယ်။

၇။ ဒီရွာကနေ မြို့ကို ပညာသင်သွားရတဲ့ ကလေးတွေ ကျောင်းသားတွေကလဲ မြို့က ဝတ်စား ဆင်ယင်မှုတွေ အတုမခိုးခဲ့ကြနဲ့၊ မိဘတွေ လူကြီးတွေက ဆုံးမပေးကြ။

၈။ ဘာသာ ယဉ်ကျေးမှုမရှိယင် ဘယ်လို လုပ်မလဲ၊ ဘာသာ ယဉ်ကျေးမှုမရှိယင် ကျေးဇူးတရားကို အလေးထားတော့မှာ မဟုတ်ဘူး၊ ဒီလိုဆိုယင် လူ့လောက ပျက်စီးဖို့သာ ဖြစ်တော့မှာပေါ့။

၉။ ဆရာဆိုတာဟာ တပည့်ကို တော်တော်များများမြင်မှ ဆရာလုပ်ရတယ်၊ ဘယ်သူဟာ ဘယ်လို အရည်အချင်းရှိတယ်

ဆိုတာမြင်ရတယ်၊ တချို့ တပည့်တွေဟာ ဆရာထက် အရည်အချင်းပိုသေးတယ်၊ ဉာဏ်ဘယ်လောက် ကောင်းနေနေ ဆရာမကောင်းယင် လုံးလည်လိုက်နေတာပဲ။

၁၀။ မိမိကိုယ် ပထမဆုံး အချိုးကျရမယ်၊ မိမိအချိုးကျမှ သူများကို ဒီလို အချိုးကျအောင် လုပ်နိုင်တယ်။

၁၁။ ကိုယ့်ကိုယ်ကိုမြှင့်တင်ကြ၊အချိန်ရှိတိုင်း မပျင်းကြနဲ့၊ ကိုယ်တော်တို့ချည်း ပျင်းတာမဟုတ်ဘူး၊ ဘုန်းကြီးလဲ ပျင်းတာပဲ၊ ဒါပေမယ့် ခြားနားတယ်။ ကိုယ်တော်တို့ ပျင်းတော့ ဘာမှမလုပ်ဘူး၊ ဘုန်းကြီးပျင်းလာယင် တခုခု လုပ်ဖြစ်အောင် လုပ်တာပဲ၊ ဒါကို အသင်္ခါရိကကုသိုလ် ခေါ်တယ်၊ ပျင်းလို့ မလုပ်တဲ့သူက အသင်္ခါရိကကုသိုလ်မဖြစ်ဘူး၊ ဒီလိုခြားတယ်။

၁၂။ ပါရမီဆုကို မကျင့်ပဲ တောင်းနေရုံနှင့် မရဘူး၊ မတောင်းပဲ ကျင့်နေယင် ရတယ်။

၁၃။ ကိုယ်က သီလမပေါက်မကျားထိန်းမှ တပည့်တွေကို ဩဝါဒပေးနိုင်တယ်၊ဆရာကပရမ်းပတာနေယင် တပည့်တွေကို ဆုံးမလို့မရဘူး။

၁၄။ ကံ့ဟုမူလ၊ သမ္ဗုဒ္ဓတို့၊ ဟောပြသည်မှာ၊ အရင်းသာရှင့်။ ဥစ္စာဘောဂ၊ ဇီဝိတနှင့်၊ သုခပွားရန်၊ ဤလူ့ထံ၌၊ ဉာဏ်ဝီရိယ, ပယောဂတည်း။

၁၅။ ကုသိုလ်ဆိုတာ အလိုလိုမရနိုင်ဘူး၊ လုပ်ယူမှ ရနိုင်တယ်၊ ခုရှိတဲ့ သဒ္ဓါတရားကိုအသုံးချမှ နောက်တော့ သဒ္ဓါထက်မယ်၊ ခုရှိတဲ့ဝီရိယကိုအသုံးချမှ နောက်တော့ ဝီရိယထက်မယ်။

(ဒုတိယအကြိမ်)

၁၆။ လူတွေဟာ ကောင်းကျိုးကိုသာ မျှော်ကြတယ်၊ အကောင်းကို ခံစားချင်ကြတယ်၊ အကြောင်း ကောင်းတော့ မလုပ်ချင်ကြဘူး၊ အကြောင်းကောင်းအောင်မလုပ်ယင် အကျိုး ကောင်း ရမှာမဟုတ်ဘူး။

၁၇။ ဘုန်းကြီးရဲ့ ဝါဒက သူများက တကျပ် ပေးယင် ကိုယ်က နှစ်ကျပ်တန်အောင် အလုပ်လုပ်လိုက်ရမှ ကျေနပ်တယ်။

၁၈။ တရားကို ပေါ့ပေါ့ လျော့လျော့ အားမထုတ်ရဘူး၊ တက်တက်ကြွကြွအားထုတ်ရတယ်၊ ပေါ့လျော့ယင် ပျင်းတယ်၊ တရားမရဘူး၊ တက်ကြွမှုရှိမှ တရားရတယ်။

၁၉။ ကိုယ့်ကိုအချစ်ဆုံးတင်မပြီးကြနဲ့၊ ကုသိုလ်လဲအများ ဆုံး ရအောင်လုပ်ရမယ်၊ ချစ်လေနစ်လေမလုပ်ကြနဲ့။

၂၀။ အကုသိုလ်တွေများယင် လူတွေ ရောဂါများကြ၊ အသက်တိုကြ၊ စိတ်ဆင်းရဲကြရတယ်။

၂၁။ လောကမှာ ညံ့တဲ့လူက တော်တဲ့လူကို မနာလိုဘူး၊ မသာတဲ့သူက သာတဲ့လူကို မနာလိုဖြစ်ကြတယ်၊မနာလိုစိတ်ဟာ ဒေါသစိတ်ပဲ။

၂၂။ လောဘကို အကန့်အသတ်နဲ့ ခွင့်ပြုရတယ်၊ စားဝတ် နေရေးကိစ္စကြီးငယ်အတွက် လောဘဆိုတာရှိရတယ်၊ စားဝတ် နေရေး တန်းစေ့အောင်ရပြီး ဖြစ်ပါလျက် ထပ်ပြီး လိုချင်ယင် မတင်းတိမ်ယင်တော့ မဖြစ်တော့ဘူး။

(ဒုတိယအကြိမ်)

၂၃။ အလှူလုပ်တဲ့အခါမှာ—
လှူချီးမွမ်းခံချင်တာလောဘ၊
ဂုဏ်လိုချင်တာ လောဘ၊
နတ်ပြည်ရောက်ချင်တာ လောဘ၊

၂၄။ သိပ္ပံပညာ တိုးတက်လို့ အစာကောင်းတွေစား၊ အဝတ်ကောင်းတွေဝတ်ရ၊ အနေကောင်းတွေနေရ၊ ဒါပေတဲ့ အကျင့်စာရိတ္တဘက်က တိုးတက်မှု မရှိတာကြောင့် စိတ်ချမ်းသာမှုတော့ ရကြလိမ့်မယ်မထင်ပါ၊ ဗုဒ္ဓတရားတော်ကို သိမှသာ စိတ်ချမ်းသာမှု ရနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။

၂၅။ တင်းတိမ်ခြင်းဟာ အမြတ်ဆုံး ဥစ္စာပါပဲလို့ ဗုဒ္ဓမြတ်စွာက ဟောတော်မူတယ်၊ ရှေးတုန်းကလူတွေဟာအစားကို ငပိချက်ကလေး၊ ငါးကလေးနဲ့ပဲ စားကြတယ်၊ အဝတ်ကိုလဲ ကိုယ့်ဟာကိုယ် ယက်ဝတ်ကြတယ်၊ စိတ်ချမ်းသာကြတာပဲ၊ စိတ်ချမ်းသာတယ် ဆိုတာ ပေါမှ ချမ်းသာတာ မဟုတ်ဘူး၊ တင်းတိမ်မှ ချမ်းသာတယ်။

၂၆။ ချမ်းသာတယ်ဆိုတာ ဝမ်းမြောက်တဲ့ သောမနဿ၊ နှစ်သက်တဲ့ပီတိ၊ ခံစားရတဲ့သုခ ဒီလိုရှိမှ ချမ်းသာတယ်။

၂၇။ ကိုယ်က ပတ်ဝန်းကျင်ကို ထိခိုက်နေရာမလုပ်ရဘူး၊ မထိခိုက်စေရဘူး၊ သူများမကောင်းပေမဲ့ မိမိကို ကောင်းအောင် ကြိုးစားရမယ်။

(ဒုတိယအကြိမ်)

၂၈။ အချင်းချင်း မေတ္တာနဲ့နေကြ၊ ဝိုင်းဝန်းကူညီကြပါ၊ ငါးပါးသီလ လုံခြုံအောင် နေကြပါ၊ ဘုရား ရှိခိုးကြတာလဲ ကြာကာသနဲ့တင် မပြီးကြနဲ့၊ တကယ်ဗုဒ္ဓအစစ်၊ ဘုရားအစစ်ကို မှန်း အာရုံပြုကြပါ၊ ဘုရား ဂုဏ်တော်တွေကို အာရုံပြုကြပါ၊ ကမ္ဘာသူကမ္ဘာသား ဝေနေယျသတ္တဝါတွေကို ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ အမြဲမေတ္တာနဲ့ သစ္စာရှိရှိ နေထိုင်ကြပါ။

၂၉။ မေတ္တာဆိုတာ သွားရပ်ထိုင်လျောင်း နေရာတိုင်းမှာ လုပ်လို့ရတယ်၊ အရှင်သုဘူတိဟာ ရဟန္တာဖြစ်လဲ မေတ္တာပွါးတာပဲ၊ မေတ္တာကအပေါစားမဟုတ်ဘူး၊ ဣရိယာပုထ်လေးပါးလုံး အိပ်မပျော်သမျှ မေတ္တာနဲ့နေရမယ်။

၃၀။ သူတော်ကောင်းဆိုတာ သူများနဲ့ ဆက်ဆံရယင် ကိုယ်က အနာခံရတယ်၊ လောဘ၊ ဒေါသကိုလျှော့ရတယ်။

၃၁။ ကံဆိုတာ မမြင်ရပေမဲ့ ဘုရားဟောထားလို့-
(၁)ဘုရားကိုယုံကြည်မှုကြောင့်ရှိတယ်လို့ယူရတယ်။
(၂)လူတို့မည်သည်အမြွာပူးချင်း၊ပတ်ဝန်းကျင်ချင်း တူပေမဲ့ ဉာဏ်ချင်း၊ စိတ်ချင်း၊ အကျိုးပေးချင်းမတူဘူး၊ ဒါကိုကြည့်ပြီးတော့ ကံကြောင့်ဖြစ်ရတယ်ဆိုတာ သိရတယ်။

၃၂။ တရားသာ အားထုတ်ကြတယ်၊ သီလတော့ မရှိကြဘူး၊ သီလမရှိတော့ တရားအားထုတ်တာ မသန့်ရှင်းဘူး၊

(ဒုတိယအကြိမ်)

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ရှေးဦးစွာ သီလရှိရမယ်၊ ဒါမှ တရားအားထုတ်တဲ့အခါ မိမိရဲ့စိတ် သန့်ရှင်းတယ်၊ ဒါမှ တရားမှန်တယ်၊ ဒီလိုမှရှေးဦးစွာသီလမရှိယင် တရားအားထုတ်တော့ မသန့်ရှင်းဘူး၊ နည်းလမ်းမကျဘူး။

၃၃။ "သံသရာအရှည်နှင့် ပုထုဇဉ်အရူး" ခရီးက ရှေ၊ အရူးတွေ၊စာရေကသိုး၊အဖော်ဆိုးသနှင့်၊ အမျိုးမျိုးကာမဂုဏ် အာရုံတွေအလွန်နှောက်တာကြောင့်၊ အပါယ်ဘုံ ခါခါရောက် သော်လဲ၊ လွတ်မြောက်ဖို့ဝေး။

(၁) သံသရာခရီးက အလွန်ရှည်၏။
(၂) ခရီးသွားသူတွေကား အရူး, အနှမ်းတွေသာ။
(၃) သူတို့၏ဂုဏ်ပကာသန ဒါန, သီလ, ဘာဝနာ စားနပ် ရိက္ခာသည် နိဗ္ဗာန်မရောက်ခင် ပုပ်သိုးကြလိမ့်မည်။
(၄) သူတို့၏ အဖော်ဖြစ်သူမှာ အမြဲပါနေသော တဏှာ ဖြစ်၏။
(၅) သို့ဖြစ်၍ အပါယ်ငရဲ ရောက်သော်လည်း တဏှာ မပျောက်သောကြောင့် သံသရာမှ လွန်မြောက်ဖို့ အခဝေးကြီး ဖြစ်နေ၏။

၃၄။ လူတွေဟာ အကောင်းကြိုက်ကြတယ်၊ ကောင်း ကောင်း စားဝတ်နေကြတယ်၊ အကျင့်ကျ အကောင်း မကျင့် ကြဘူး။

(ဒုတိယအကြိမ်)

၃၅။ စာရွတ်တာချင်းတူပေမဲ့ တန်ဖိုးချင်း မတူဘူး၊ အချို့အဖြတ်အတောက်လဲ မမှန်ဘူး၊ မြန်လဲမြန်တယ်၊ဘုရားစာ ရွတ်တဲ့အခါမှာ ဘာအာရုံမှရမှာ မဟုတ်ဘူး။

## "ဆရာတော့် အမိဋ္ဌာန်"

ဗုဒ္ဓမြတ်စွာ လောင်းလျာတုန်းက၊ နောက်ဆုံးအထိပါရမီ။
လူနတ်များစွာ ချမ်းသာရေးမို့၊အသက်ပေး၍ ဖြည့်ခဲ့သည်။
ဗုဒ္ဓမြတ်စွာ ဘာသာအတွက်တော့၊ ငါပါအသက်ဆုံးပေ့စေ။
နောက်မဆုတ်ပေါင်၊ ခုလို တွေးလို့၊ ကုသိုလ်ရေးမို့ ကြိုးစားမည်။

( တို့လဲ ကြိုးစားရမည်။)

မူလတန်းဘာသာရေး ဗုဒ္ဓဘာသာလက်စွဲတွင် ကလေးများတွက် ရေးသားတော်မူသော လင်္ကာကဗျာ—

အိပ်ရာဝင်သော် သတိရလို့ ဗုဒ္ဓ-ဓမ္မ-သံဃာရယ်၊ ကိုးကွယ်ပါတယ်၊စိတ်မှာညွှတ်လို့၊ နှုတ်ပါတွတ်တွတ် ရွတ်ရတယ်။

အိပ်ရာထပြန်၊ တဖန်ထပ်၍၊ မှန်မှန်မပြတ်၊ ရွတ်ပါကွယ်။
ဘေးအန္တရာယ်၊ ရန် စွယ် ကင်း လို့၊ ကောင်းခြင်းသုခ ရလိမ့်မယ်။

ဗုဒ္ဓကြောင်းရာ၊ ကောင်းစွာသိမှ၊ဗုဒ္ဓကိုလည်းကြည်ညိုမယ်။
ကြည်ညိုသူက၊ ဟော ညွှန်ပြမှ၊ စိတ်က နှစ် ခြိုက် လိုက်ကြသည်။

(ဒုတိယအကြိမ်)

ဂုဏ်တော်တန်တန်၊ မှန်မှန်ရလို့၊ ခဏခဏ ရွတ်သင့်တယ်။
အကျိုးနှင့် ကံ၊ ဝေဖန်တတ်မှ၊ ကံကောင်း ကံမြတ်၊
ပြုလိမ့်မည်။

သရဏဂုံ၊တည်ရုံမျှနှင့်၊ဥပါသကဖြစ်ပါပြီ၊ကိုယ်ကျင့်သိက္ခာ လုံခြုံကြဖို့၊ ငါးပါးသီလပဉ္စသီ၊ ဒုစရိုက်တွေ ရှောင်သွေလွှဲလှဲ့၊ သုစရိုက်လဲစုံအညီ၊ ဆွမ်း၊ ပန်း၊ ရေတော် မီးတော်ကပ်၍ နေ့စဉ်မပြတ်ပြုသင့်သည်။

တရားစစ်မှန်၊ ကျင့်ကြံကြမှ၊ ချမ်းသာသုခရနိုင်မည်။
တရားတုတွေ ကျင့်နေကြလို့၊ ဆင်းရဲဒုက္ခ ရောက်ရသည်။
ယခုတဖန် အမှန်လမ်းသို့၊ အမြန်လှမ်းဖို့ချိန်တော်ပြီ။
သို့မှတိုင်းပြည်၊ ဘာသာရေးကြောင့်၊ သာယာအေးဆေး
ရှိလိမ့်မည်။

(ဒုတိယအကြိမ်)

## အနာဂတ် သာသနာရေး ကျမ်းပြီးနိဂုံးလင်္ကာ

ကျမ်းပြီးမှတ်ထုံး၊ ကမ္ပတ်ဖုံး၍၊ နိဂုံးအခန်း၊ လက်ရုံး တန်းပိမ့်၊ ခေတ်ဆန်းခုနှောင်း၊ လူအပေါင်းကား၊ မကောင်း ကိုးကွယ်၊ ကောင်းကိုးကွယ်ဟု၊ ညာဘယ်မခြား၊ မပိုငြားပဲ၊ စဉ်းစားဝေဖန်၊ ကျိုးရှိတန်မှ၊ လျှောက်ကန်ရုံမျှ၊ ကိုးကွယ်ကြလိမ့်။

ဗုဒ္ဓမြတ်စွာ၊ သာသနာကိုကောင်းစွာကြိုတင်၊ မပိုပြင်သော်၊ အမြင်မှိန်မှေး၊ အထင်သေး၍၊ ယဉ်ကျေးဖွယ်ရာ၊ အဖြာဖြာနှင့် ဘာသာဝါဒ၊ ဟူသမျှတို့၊ စစကုန်သုဉ်း၊ ပြုတ်ပြုတ်ပြုန်းလိမ့်။

ထွတ်ဘုန်းသာသနာ၊ မှိန်သောအခါဝယ်၊ ထွေရာကောင်း နိုး၊ ဝါဒမျိုးဖြင့်၊ အကျိုးမတွဲ၊ ဖြစ်ပြန်ခဲ့မူ၊ တကွဲတိုင်းကြီး၊ ပြည်အနီး၌၊ တိုင်းသီးပြည်နယ်၊ မျက်နှာငယ်လိမ့်။

သို့နှယ်ကြောင်းရာ၊ စုပေါင်းကာဖြင့်၊ ကောင်းစွာမြှော်ညို့၊ ဆင်ခြင်မိ၍၊ တို့၏နယ်မြေ၊ တို့အမွေနှင့်၊ တို့မေဘာသာ၊ သာသနာကို၊ တို့သာကြံ့ကြံ့၊ စောင့်ရှောက်အံ့ဟု၊ ခံ့ခံ့မားမတ်၊ စိတ်ထားမြတ်ဖြင့်၊ နာဂတ်သာသနာ၊ ရေးအရာကို၊ တွေးကာ သိုက်မြိုက်၊ ရေးသားလိုက်၏။

သိထိုက်သိရာ၊ သိပြီးခါဝယ်၊ စဉ်လာထင်မြင်၊ ပြင်ကာဆင် လျက်၊ စည်ပင်သာယာ၊ သာသနာနှင့်၊ မြန်မာပြည်ထောင်၊ တိုးတက်အောင်လျှင်၊ ခေါင်းဆောင်ရှေ့သွား၊ ရှင်လူများတို့၊ ခွဲခြားမေတ္တာ မထားပါပဲ၊ များစွာခိုသင်း၊ ငုံးခပင်းတို့၊ မကြွင်း ကိုယ်စီ၊ ပိုက်ကိုချီသို့၊ ညီညီကြိုးကုတ်၊ အားသွန်ထုတ်က၊ ဗုဒ္ဓသာ သနာ၊ ပြည်မြန်မာသည်၊ ကမ္ဘာထုတ်ချင်း၊ ထွင်းလိမ့်သောဝ်။

(ဒုတိယအကြိမ်)

အမရပူရမြို့
မဟာဂန္ဓာရုံကျောင်းတိုက်
ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီး

# အရှင်ဇနကာဘိဝံသ ၏

## သံဝေဂလင်္ကာ

၁။ ငါတို့နေရာ၊ ဤကမ္ဘာ၊ တဏှာအုပ်စိုးသည်။
၂။ တဏှာစေရာ၊ မနေသာ၊ ဖွေရှာဆက်ရသည်။
၃။ ရသည့်ဥစ္စာ၊ ချစ်သူပါ၊ စွန့်ခွါသွားရမည်။
၄။ တကဲ့အရေး၊ တကဲ့ဘေး၊ ဘယ်သွေးဘယ်သား မကယ်ပြီ။
၅။ ငါနှင့်ရွယ်တူ၊ ငါ့အောက်လူ၊ ကြီးသူသေကြ များလှပြီ။
၆။ ခဏမစဲ၊ အိုစမြဲ၊ ကိုယ်လဲသေဘက်နီးခဲ့ပြီ။
၇။ ဇရာမီးတောင်၊ ကိုယ်လည်းလောင်၊ သေအောင် မြိုက်တော့သည်။
၈။ မသေရခင်၊ သွားလမ်းစဉ်၊ ကြိုတင်ပြင်သင့်ပြီ။
၉။ ဒါနသီလာ၊ ဘာဝနာ၊ လမ်းသာထွင်လိမ့်မည်။
၁၀။ မဂ္ဂင်ယာဉ်ကြီး၊ အမြန်စီး ခရီးထွက်တော့မည်။

ကျေးဇူးရှင်ခေါ်၊ ဆရာတော်၏ ဂုဏ်တော်တမ်းတ၊ ပုံမှန်းဆလျက်၊ ဂါရဝညွတ်ကျိုး၊ လက်စုံမိုး၍ ရှိခိုး ကန်တော့ပါ၏ အရှင်ဘုရား။

(ဒုတိယအကြိမ်)

အမရပူရ

မဟာဂန္ဓာရုံ-ဆရာတော်

# အရှင်ဇနကာဘိဝံသ ၏

**သာသနာတော် အရှည်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက်**
**ရေးသား ပြုစုပြီး ဖြစ်သည့် ကျမ်းစာများ**

ပိဋကတ်တော်များကို အခက်အခဲမရှိအခြေခံမှစ၍ အထက်ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများအထိ အဆင့်ဆင့် လွယ်ကူစွာ ပေါက်မြောက်အောင် သင်ယူနိုင်ရန် စီစဉ် ရေးသားတော်မူခဲ့ပါသည်။

## (က) သဒ္ဒါကျမ်းများ

၁။ အခြေပြုနာမ်ဂိုဏ်း
၂။ မူလတန်း ပါဠိသိက္ခာနှင့် သဒ္ဒါကျဉ်း
၃။ အခြေပြုသဒ္ဒါ
၄။ ကစ္စည်း ဘာသာဋီကာ(ပ) (ဒု)
၅။ ရူပသိဒ္ဓိ ဘာသာဋီကာ(ပ) (ဒု)
၆။ သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ
၇။ ကစ္စာယနသာရ ဘာသာဋီကာ
၈။ အလင်္ကာ ဘာသာဋီကာ
၉။ ကထာသလ္လာပသိက္ခာ။

(ဒုတိယအကြိမ်)

## ( ခ ) ဝိနည်းဆိုင်ရာကျမ်းများ

၁၀။ ရှပ်ပုံရှင်ကျင့်ဝတ်
၁၁။ ဘုရားဥပဒေတော်ကြီး
၁၂။ ပါတိမောက် ဘာသာဋီကာ
၁၃။ ခုဒ္ဒသိက္ခာ ဘာသာဋီကာ
၁၄။ ကင်္ခါ ဘာသာဋီကာ(ပ) (ဒု)
၁၅။ ပါရာဇိကဏ် ဘာသာဋီကာ ပါဠိနိဿယ
(ပ) (ဒု) (တ) (စ)
၁၆။ ပါစိတ် ဘာသာဋီကာ
၁၇။ မဟာဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ
(ပ) (ဒု)
၁၈။ စူဠဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ
၁၉။ ပရိဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ

## (ဂ) အဘိဓမ္မာ ဆိုင်ရာ ကျမ်းများ

၂၀။ သင်္ဂြိုဟ်ပါဠိ (ဂန္ထာရုံမူ)
၂၁။ အခြေပြုသင်္ဂြိုဟ်
၂၂။ သင်္ဂြိုဟ် ဘာသာဋီကာ
၂၃။ ဝီထိနှင့် သုံးချက်စု ဘာသာဋီကာ
၂၄။ ဋီကာကျော်နိဿယ
၂၅။ အဋ္ဌသာလိနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ(ပ) (ဒု) (တ) (စ)

(ဒုတိယအကြိမ်)

၂၆။ သမ္မောဟဝိနောဒနီ ဘာသာဋီကာနှင့် မူလဋီကာ နိဿယ ပါဠိတော်နိဿယ(ပ)(ဒု)(တ)

၂၇။ ပဥ္စပကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ ပါဠိတော်နိဿက·ကထာဝတ္ထုတွင် မြန်မာပြန် နှမူနာပါသည်။ (ပ) (ဒု)(တ)(စ)

## (ဿ) သုတ္တန်ဆိုင်ရာကျမ်းများ

၂၈။ သီလက္ခန် ဘာသာဋီကာနှင့် ပါဠိတော်နိဿယ (ပ) (ဒု) (တ) (စ)

၂၉။ သုတ်မဟာဝါ ဘာသာဋီကာနှင့်ပါဠိတော်နိဿယ (ပ)(ဒု)(တ)

၃၀။ အင်္ဂုတ္တရအခြေပြု

၃၁။ ဗြဟ္မဇာလသုတ် မြန်မာပြန်

၃၂။ သာမညဖလသုတ်မြန်မာပြန်

## (င) ပကိဏ္ဏကကျမ်းများ

၃၃။ ရတနာ့ဂုဏ်ရည် (လက္ခဏာတော်ကြီး ဘုရားရှိခိုး၊ ဝိစိတြဝန္ဒနာ၊ သရဏဂုံစိစစ်ချက် တွဲရိုက်ထားသည်)

၃၄။ ကိုယ်ကျင့်အဘိဓမ္မာ

၃၅။ အနာဂတ်သာသနာ (က) သာသနာရေး လျှောက်ထားချက်၊ (ခ) မော်ဘီ သံဃာ့အစည်းအဝေး မိန့်ခွန်း၊ (ဂ) ပဌမပြန်စာမေးပွဲ ပြုပြင်ရေး အစီရင်ခံစာပါ တွဲရိုက်ထားသည်။

၃၆။ ဘာသာသွေး

(ဒုတိယအကြိမ်)

၃၇။ ဘာသာရေး ပြဿနာများနှင့် စစ်တပ်တရားတော်
၃၈။ ဗုဒ္ဓါနုဿတိဘာဝနာ (ဗြဟ္မဇာလသုတ်နှင့် သာမည ဖလသုတ်တွဲထားသည်)
၃၉။ အခြေပြုမင်္ဂလသုတ်
၄၀။ ဗုဒ္ဓဘာသာလက်စွဲ ၆-အုပ်၊ မူလတန်း (အစိုးရရိုက်)
၄၁။ ဗုဒ္ဓသာသာ သင်ခန်းစာ (မူလတန်းမှအဋ္ဌမတန်းအထိ) အကျယ်
၄၂။ ဗုဒ္ဓဝင်အမေးအဖြေ
၄၃။ ရုပ်စုံဗုဒ္ဓသာသနာဝင်
၄၄။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ
၄၅။ တဘာဝသံသရာ (ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ)
၄၆။ အခြေပြု ပဋ္ဌာန်းတရားတော်
၄၇။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ် တရားတော်
၄၈။ လူ့ချမ်းသာ
၄၉။ ဒုလ္လဘကထာ (ရိုက်ရန် စီစဉ်ပြီး)
၅၀။ သူတော်ကောင်းလက္ခဏာ သြဝါဒတရားတော်
၅၁။ တရား ၃-ဖြာ ဆုံးမစာ၊ သြဝါဒဝတ္ထု ၃-ပုဒ်
၅၂။ ဝိုင်-အမ်-ဘီ-အေ အနာဂတ် သာသနာရေး သြဝါဒ တရားတော်
၅၃။ သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာ အဖြေများ (ဒေါက်တာ နေဝင်းနှင့် ဂါဒီယံ ဦးစိန်ဝင်းတို့ လျှောက်ထားချက်)
၅၄။ မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ်

(ဒုတိယအကြိမ်)

## ကျမ်းစာများ စျေးမှန်ဖြင့် ရနိုင်သောဌာန

၁။ ကမ္ဘာ့အေး သာသနာ့ရေး ဦးစီးဌာန၊ စာအုပ်အရောင်းဆိုင်။

၂။ ရန်ကုန်မြို့၊ ပြည်သူ့ကုန်တိုက် (၁)

၃။ မန္တလေးမြို့၊ ပြည်သူ့ကုန်တိုက် (၁)

၄။ ဦးထိန်ဝင်း၊ ၁၀၇၊ စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။

၅။ ဦးထိန်ဝင်း၊ ၁၃၀၊ ဗိုလ်ချုပ်ဈေး အနောက်ဘက်တန်း၊ ရန်ကုန်မြို့

၆။ ဒေါ်တင်တင်အေး၊ ၁၄၊ ရွှေတိဂုံဘုရားကြီးဈေး၊ တောင်ဘက်စောင်းတန်း၊ ရန်ကုန်မြို့။

စ-ပ-ပ-က၊ ၅-၁၁-၁၉၇၁-ခု၊ ၁၀၀၀၀။

မဟာဂန္ဓာရုံ ဆရာတော်

အရှင်ဇနကာဘိဝံသ ၏

# သူတော်ကောင်းလက္ခဏာ

# ဩဝါဒတရားတော်

# နှင့်

# နံနက်ခင်းဩဝါဒတရားတော်များ

မှ—

.... .... .... .... .... .... .... .... .... .... ....

.... .... .... .... .... .... .... .... .... .... ....

သို့—

... ... ... ... ... .... .... .... .... .... .... .... ....

... ... ... ... ... .... .... .... .... .... .... .... ....

အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ၏ ကျမ်းစာများကို စျေးနှုန်း မှန်ကန်စွာနှင့် ဝယ်ယူလိုသူများ ကမ္ဘာအေး သာသနာရေးဦးစီး စာအုပ်ရောင်း ဌာန နှင့် ဦးထိန်ဝင်း၊ ၁၀၇–စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့တွင် စုံစမ်း ဝယ်ယူနိုင်ကြပါသည်။